# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၇၅)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ၅-၉-၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား စစ်ဆေး

## ကယားပြည်နယ်အား ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)၌ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၄ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

၀-၀-၀-၀-၀

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၅ ) ရက်သာ လိုတော့သည်။**

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၅ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## မြန်မာ့ရိုးရာအစဉ်အလာလှေသဘင်ပွဲတော်နှင့် ရင်းမာလှိုင်သင်းလတော်သလင်း

တော်သလင်းလသည် မြန်မာ့ပြက္ခဒိန်တွင် ဆဋ္ဌမမြောက်လဖြစ်သည်။ မိုးတွင်းကာလဖြစ်ပြီး ဝါတွင်းသုံးလတွင်လည်း ပါဝင်နေသည်။ မိုးတွင်းသည် မြန်မာပြည်သူတို့အတွက် အမှတ်တရရာသီဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ လယ်ယာစိုက်ပျိုးရေးကို အလေးထားကြသည်။ သို့ဖြစ်၍ လယ်ယာလုပ်ငန်းအတွက် အရေးပါသော မိုးရာသီတော်သလင်းလသည် မြန်မာ့လယ်သမားကြီးများအတွက် အားထားရသောလဖြစ်သည်။

တော်သလင်းလကို ရှေးအခါက သစ်ဆင်းလဟုလည်း ခေါ်ဆိုကြကြောင်း သိမှတ်ရသည်။ တော်သလင်းလသည် ရေစီးအဟုန်ကောင်း၍ မြစ်များအတွင်း သာယာသောကြောင့် သစ်ဖောင်များ၊ ဝါးဖောင်များ စုန်ဆင်းသည်ကို အစွဲပြုကာ "သစ်ဆင်း"လဟု ခေါ်တွင်ခြင်းဖြစ်သည်။ ပင်လယ်ရေလုပ်သားတို့သည်လည်း တော်သလင်းလတွင် ပင်လယ်အတွင်း ငါးဖမ်းခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်နိုင်ရန်အတွက် ပင်လယ်ပြင်သို့ ထွက်ခွာလေ့ရှိကြသည်။

"တော်သလင်းနေ ပုစွန်သေ"ဟု ဆိုသည့်အတိုင်း နေအရှိန်ပြင်းသော လလည်းဖြစ်သည်။ တော်သလင်းလ၏ ရာသီပန်းမှာ ရင်းမာပန်းဖြစ်သည်။

တော်သလင်းလတွင် ရှေးအခါက "လှေသဘင်ပွဲတော်"ကျင်းပလေ့ရှိသည်။ လှေသည် မြန်မာ့လူမှုဓလေ့တွင် အရေးပါပြီး ကျေးလက်ဇနပုဒ်မှ ဘုရင့်နန်းတော်အထိ လှေကို အသုံးပြုကြသည်။ အသုံးတွင်ကျယ်သော လှေကို အထူးဂရုပြုသောအားဖြင့် လှေသဘင်ပွဲတော် ကျင်းပခြင်းဖြစ်သည်။ ရှေးမြန်မာဘုရင်များ အမြော်အမြင်ရှိရှိ ကျင်းပလေ့ရှိသောပွဲလည်း ဖြစ်သည်။ မြန်မာ့ရေတပ်အတွက် လှေလှော်လှေခတ်အတတ်များ ကျွမ်းကျင်သော ရေတပ်သားများ ပေါ်ထွန်းစေရန် ကျင်းပခြင်းဖြစ်သည်။ ရှေးဘုရင်များခေတ်က လှေသဘင်ပွဲတော်ကျင်းပရာတွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရှုစားတော်မူသည်။ မြတ်နိုးဖွယ်ရာကောင်းသော မြန်မာ့ရိုးရာအစဉ်အလာလည်းဖြစ်သည်။

ထို့အပြင် "တော်သလင်းမိုး ကန်သင်းကျိုး"ဆိုသကဲ့သို့ တော်သလင်းလ၌ ရွာသောမိုးသည် သည်းထန်သောကြောင့် ကန်သင်းများကျိုးကာ ရေများဝင်ရောက်ပြီး စပါးခင်းများ ပျက်စီးခြင်းလည်း ရှိတတ်ပြန်သည်။

တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ ဂရုဓမ္မဟူသည် အလေးအမြတ်ပြုအပ်သော တရားရှိသေလေးစားဝန်ခံရာတွင် ပြုကျင့်အပ်သော တရားဟုခေါ်သည်။ ဂရုဓမ္မတရား ငါးပါးရှိပြီး သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ဥစ္စာပစ္စည်းခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး သားမယားအား ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်သော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သေရည်သေရက် မူးယစ်ဆေးဝါးသောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းများဟူသည့် ငါးပါးသီလပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာအစဉ်အလာ လှေသဘင်ပွဲတော်နှင့် ရင်းမာလှိုင်သင်း လတော်သလင်းသည် လူတိုင်းလူတိုင်းအတွက် ဂရုဓမ္မတရားဖြင့် ကျင့်သုံးနေထိုင်ပြီး ယခုဘဝ၊ နောင်ဘဝတို့တွင် ကောင်းမြတ်ရန်နှီးဆော်လျက်ရှိသောလဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၃၆)ကြိမ်မြောက် နေ့၊ ည အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၄**

မန္တလေးမြို့ အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား နှစ်ကျိပ်ရှစ်ဆူစမ္မာရုံမြေညီထပ်တွင် ယနေ့ နံနက် ၉ နာရီက (၃၆) ကြိမ်မြောက် နေ့၊ ည အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အောင်တော်မူဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပဋ္ဌာန်းကြီးကြပ်နာယကဆရာတော်ကြီးများ၊ ရွတ်ဖတ်ပူဇော်ကြမည့် ပဋ္ဌာန (ဘာဏက) ဆရာတော်၊ သံဃာတော်များ စုစုပေါင်း(၅၅)ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဓမ္မစကြာဝတ်အသင်းသူများ၊ ဝေယျာဝစ္စအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များ အမှူးပြုသော ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်တော်မူပြီးနောက် ဩဝါဒါစရိယ(အောင်တော်မူရေတော်ဆရာတော်)အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုလ္လသာရာလင်္ကာရာဘိဝံသက ရောင်ခြည်တော်ဖွင့်ဂါထာတော်ဖြင့် ဘုရားပင့်ခြင်း၊ မာရ်အောင်တိုက် စပါယ်ရုံဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယန ဆရာတော်က ပဋ္ဌာန်းတရား နာယူကြည်ညိုရန် နတ်ဗြဟ္မာများ ပင့်ဖိတ်ခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဝိစုရဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် အောင်တော်မူဓမ္မစကြာဝတ်အသင်းသူများက ပဋ္ဌာန်းသံဆန်းကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဩဝါဒါစရိယ မိုးကောင်းတိုက် ရတနာသီရိဒိုက်ဦးကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသ ဆရာတော်ကြီးထံမှ ဩဝါဒကထာနာယူကြည်ညိုကြပြီးနောက် လယ်ကိုင်းတိုက် သုခကာရီကျောင်း ဘဒ္ဒန္တသုမန ဆရာတော်ကြီးက ပဋ္ဌာန်းအခါတော်ကြားရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် သံဃာတော် အရှင်မြတ်များနှင့် ပရိသတ်အပေါင်းတို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသကို သုံးခေါက်ရွတ်ဆိုပူဇော်ကြပြီး အလှည့်ကျဘာဏက သံဃာတော် အရှင်မြတ်တို့က ပဋ္ဌာန်းကျမ်းပါဠိတော်ကြီးကို စတင်ရွတ်ဖတ်တော်မူကြသည်။ (၃၆) ကြိမ်မြောက် နေ့၊ ည အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကြီးကို စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်နေ့အထိ (၇)ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ ထောက်ပံ့



**မန္တလေး စက်တင်ဘာ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန မနော်ရမ္မံရုံးတွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် အစည်း(၄၀၀)၊ ခရမ်းသီး(၃၀၀)ထုပ်၊ ဘူးသီး (၂၈)လုံး၊ ကြက်ဟင်းခါးသီး(၂၇)စည်း၊ ဒန့်သလွန်သီး(၂၃၅)စည်း၊ ဘူးညွန့်(၅၀)စီးတို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရှိ ဝန်ထမ်း (၆၉၅)ဦးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်း(၄၅)ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူများက အချိုးကျခွဲဝေ ထောက်ပံ့ပေးအပ်ကြရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူး ဦးစိုးလင်း၊ ဒုတိယဌာနမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

ဝ-ဝ-ဝ-ဝ-ဝ

## ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**အမရပူရ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ယနေ့ နံနက် ၉ နာရီက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။

ခရိုင်အဆင့် နည်းပြသင်တန်း ဖွင့်ပွဲတွင် အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သန်းခေါင်စာရင်းဆိုင်ရာ Video ကလစ်အား ပြသခဲ့သည်။

ယင်းနောက် ခရိုင်သန်းခေါင်စာရင်းဆိုင်ရာ အတွင်းရေးမှူး ဦးဇော်နိုင်မင်းက နည်းပြနှင့် နည်းပြသင်တန်းသား၊ သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်။

ဆက်လက်ပြီး ခရိုင်အဆင့် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ရုံးမှ သင်တန်းတွင် အသုံးပြုမည့်ပစ္စည်းများ၊ သန်းခေါင်စာရင်းကောက်ယူရေးတွင် အသုံးပြုမည့် ပစ္စည်းများ ခင်းကျင်းပြသထားမှုများ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

ရှေ့ဖုံးမှ

☆ တပ်မတော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်နေခြင်းဖြစ်

☆ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိ

☆ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လို

ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး အောင်ကျော်နိုင်က နယ်မြေဒေသလုံခြုံရေးအတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ လှိုင်ကော်မြို့နှင့် လှိုင်ကော်လေဆိပ်လုံခြုံရေး၊ လမ်း၊ တံတားများလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တပ်နယ်များအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ KNPP အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်မှု ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၁ ခုနှစ်မှစတင်၍ လှိုင်ကော်ဒေသအတွင်း တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် လှိုင်ကော်ဒေသတို့တွင် တိုက်ပွဲများတစ်ချိန်တည်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအနေဖြင့် ကြံကြံခံ၍ ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လှိုင်ကော်မြို့နှင့် ဆက်စပ်နေရာများတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကယားပြည်နယ်အား ပုံမှန်အခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။ (ယာပုံ)



### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် ကုလသမဂ္ဂဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၄

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 21st ASEAN Chiefs Of Defence Forces Meeting (ACDFM-21) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တက်ရောက်ရန် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။

အဆိုပါ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)

မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးနှင့် တာဝန်ရှိသူများက Wattay အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။



ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ)



ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးသည် ဗီယင်ကျန်းမြို့ Latsavong Wanda Vista Hotel ၌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တည်ခင်းဧည့်ခံသည့် (၂၁) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး အထိမ်းအမှတ် ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့်အတူ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့ မြို့မဈေးအသစ်ပြန်လည်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆီဆိုင်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအငှားအိမ်ရာ ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် စက်တင်ဘာ ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့် လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့် PNLO အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသခံတိုင်းရင်းသားပြည်သူများ နေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များတွင် တိုက်ပွဲများဖော်ဆောင်ခြင်း၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်ဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူတို့လိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီး- ဟိုပုံး- ဆီဆိုင် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရှမ်းတိုင်းရင်းသားများနှင့် ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာ သွားလာနေထိုင်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုသည်။

## ရှင်းလင်းတင်ပြ


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့သို့ ရောက်ရှိရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်သွားမည့် အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသစ်ပြန်လည်ဆောင်ရွက်မည့် မြို့မဈေးအား ခေတ်နှင့်လျော်ညီသည့် အဆင့်မြင့်ဈေးပုံစံဖြစ်စေရေး၊ ဆိုင်ခန်းများ သင့်တင့်သည့် အကျယ်အဝန်းဖြစ်စေရေး ဆောင်ရွက်သွားရန်၊ ရေ၊ မီးစနစ်များ၊ ယာဉ်ရပ်နားရန်နေရာများမှအစ စနစ်တကျတွက်ချက်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအငှားအိမ်ရာသို့ ရောက်ရှိကြရာ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့်ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇဝနရာမကျောင်းတိုက်သို့ ရောက်ရှိကြပြီး လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ပညာသီလနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ရေခံမြေခံကောင်းကို ပိုင်ဆိုင်ထားသည့် စာမျက်နှာ ၅ သို့

- အသစ်ပြန်လည်ဆောင်ရွက်မည့် မြို့မဈေးအား ခေတ်နှင့်လျော်ညီသည့် အဆင့်မြင့်ဈေးပုံစံဖြစ်စေရေး၊ ဆိုင်ခန်းများ သင့်တင့်သည့်အကျယ်အဝန်းဖြစ်စေရေး ဆောင်ရွက်သွားရန်၊ ရေ၊ မီးစနစ်များ၊ ယာဉ်ရပ်နားရန်နေရာများမှအစ စနစ်တကျတွက်ချက်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လို
- အစဉ်အဆက်တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်ခဲ့သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အခွင့်အလမ်းတစ်ခုကို မျှော်မှန်းပြီး ဆောင်ရွက်သည့် မိုက်မဲသည့်အကြမ်းဖက်လုပ်ရပ်ကြောင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာ ရပ်တန့်နေ၍မရဘဲ ရှေ့သို့ အစဉ်အဆက် ဆက်လက်လှမ်းချီနေရမည်၊ အလုပ်လုပ်နေရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဇဝနရာမကျောင်းတိုက် လက်ထောက်ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့မှ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

✪ စာမျက်နှာ ၄ မှ

ဒေသဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ သို့သော်လည်း အစဉ်အဆက် တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်ခဲ့သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အခွင့်အလမ်းတစ်ခုကိုမျှော်မှန်းပြီး ဆောင်ရွက်သည့် မိုက်မဲသည့် အကြမ်းဖက်လုပ်ရပ်ကြောင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာ ရပ်တန့်နေ၍မရဘဲ ရှေ့သို့အစဉ်အဆက် ဆက်လက်လှမ်းချီနေရမည်၊ အလုပ်လုပ်နေရမည်ဖြစ်ကြောင်း၊ ရပ်တန့်နေပါက မိမိတို့အနေဖြင့် နောက်တွင်ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးကြန့်ကြာနေရကြောင်း၊ ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည်မှာ ဒေသခံများသာဖြစ်သကဲ့သို့ ဒေသ၏မတည်ငြိမ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျအောင် ဆောင်ရွက်သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အတူတကွ ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသ၏အကျိုးကို အမြင်ကျယ်ကျယ်ဖြင့်ကြည့်၍ အသိဉာဏ်ပွင့်လင်းပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများဖြင့် ဖော်ဆောင်ကြရန်လိုကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသခံများ ပညာရေးကို အားပေးကြစေရေး ဆောင်ရွက်ပေးရမည် ဖြစ်ပြီး ဒေသ၏အနာဂတ် ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့အပါအဝင် ပတ်ဝန်းကျင်ရှိ

စာမျက်နှာ ၆ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

- အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသခံများ ပညာရေးကို အားပေးကြစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဒေသ၏အနာဂတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်
- အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့အပါအဝင် ပတ်ဝန်းကျင်ရှိကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့မှလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လို
- ရှေ့သို့မတိုးနိုင်ဘဲ ရပ်တန့်နေခြင်းသည် ဒေသနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုပင်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

○ စာမျက်နှာ ၂၄ မှ

ပျက်ပြားစေရန် လုပ်ဆောင်သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သောလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍အကာအကွယ်ယူ တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ ယာယီအားဖြင့် ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကို အကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်း ဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်ကော်မြို့ ကျက်သရေဆောင် သမိုင်းဝင် ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

## ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍ မြှင့်တင်ဆောင်ရွက်

ဒေသအလိုက် ပညာရေးကဏ္ဍကောင်းမွန်ပါက ဒေသဖွံ့ဖြိုးမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍတွင် အားနည်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **“အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက”** ဟူသည့်အတိုင်း အတန်းပညာများ သင်ယူချိန်တွင် သင်ကြားပြသပေးသည့် ဆရာဆရာမများ၏ သွန်သင်ဆုံးမမှုများသည် ကလေးငယ်များ၏ ဘဝတစ်လျှောက်လုံးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ပညာတတ်များ ပေါကြွယ်ဝလာမည်ဆိုပါက ၎င်းတို့ဘဝအတွက် အထောက်အကူ ပြုစေမည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူ ပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်အတွင်း ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် အားလုံးက ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ လွိုင်ကော်မြို့ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူများ ပြန်လည်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်ပြီး အခြားမြို့များတွင် သွားရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ မိမိတို့နေထိုင်သည့်ဒေသ၌ ပြန်လည်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းတိုက်တွန်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်ကို ကျော်လွန်သွားသည့် လူငယ်များအတွက်လည်း ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် စာကြည့်တိုက်များတွင် စာဖတ်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဗဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း။

ကျန်းမာရေး မြှင့်တင်မှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ပြည်သူ့ဆေးကုသမှု မြှင့်တင်ရေးလုပ်ငန်းများကို လွိုင်ကော်ဒေသတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင်လည်း မိမိကိုယ်တိုင်လာရောက်၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆွေးနွေးပြောကြားခဲ့ကြောင်း၊ ယခုအခါတွင်လည်း နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ အနေဖြင့်လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံဖြစ်ရန်လိုကြောင်း၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် သောက်စားမှုများ၊ စားသောက်မှုများ မဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ပြီး ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိဖြင့် အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။ စာမျက်နှာ ၇ သို့ ○

✪ စာမျက်နှာ ၅ မှ

ကျေးရွာများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့ကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း၊ ရှေ့သို့မတိုးနိုင်ဘဲ ရပ်တန့်နေခြင်းသည် ဒေသနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုပင်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၃၁၀ တွင်တည်ရှိပြီး မြောက်ဘက်တွင် ဟိုပုံးမြို့နယ်၊ အရှေ့ဘက်တွင် မောက်မယ်မြို့နယ်၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသား အများစုအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်ကြသည့် မြို့တစ်မြို့ဖြစ်သည်။ သို့သော်လည်း PNLO အကြမ်းဖက်အဖွဲ့အနေဖြင့် KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား၏ မြှောက်ပင့်စည်းရုံးမှုကြောင့် ဒေသအတွင်း အာဏာတည်ဆောက်နိုင်ရေး၊ အကြမ်းဖက်အုပ်ချုပ်ရေးအတွက် အကြောက်တရားဖြင့် မိမိတို့လူမျိုးတူ ပအိုဝ်းတိုင်းရင်းသားတို့အပေါ် စာနာမှုကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်းကြောင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် PNLO အကြမ်းဖက်အဖွဲ့၏ မိမိလူမျိုးချင်းအပေါ် သစ္စာမဲ့စွာလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှလက်ခံနိုင်ခြင်းမရှိသဖြင့် ဆီဆိုင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ရွာလုံးကျွတ်နီးပါးအင်အားစုစည်း၍တပ်မတော်၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလက်တွဲပြီး အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏ လက်မှ ဆီဆိုင်ဒေသကို အမြန်ဆုံး ပြန်လည် ရယူထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဆီဆိုင်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်ရလျက်ရှိသည့် ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း ပြန်လည်ဝင်ရောက် နေထိုင်၍ အေးချမ်းစွာဖြင့်နေထိုင်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။





ဆီဆိုင်မြို့၌ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

○ စာမျက်နှာ ၆ မှ

### ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အတူတကွဝိုင်းဝန်း ဆောင်ရွက်

လွိုင်ကော် ဒေသအတွင်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည် ဖြစ်ကြောင်း၊ အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဦးစားပေး၍ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသကို မိမိတို့၏အသိစိတ်ဓာတ်ဖြင့် ကိုယ်စီထိန်းသိမ်းဆောင်ရွက် ကြစေလိုကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ပြည်နယ်ယဉ်ကျေးမှု ပြတိုက်ရှိပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများ ဆောင်ရွက်သွားသည်ဟု သိရကြောင်း၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို သင်ခန်းစာယူ၍ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ အစိုးရတစ်ခုတည်းသာမက ဒေသခံပြည်သူလူထုမှလည်း အတူတကွ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ချိန်တွင် ဒေသအတွင်း ပြန်လည် ဝင်ရောက်နေထိုင်၍ လုပ်ငန်းတာဝန် ထမ်းဆောင်နေမှုကို မိမိအနေဖြင့် ဂုဏ်ယူ အသိအမှတ်ပြုချီးကျူးပါကြောင်း။

မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း၌လည်း သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရွေးကောက်ပွဲ မကျင်းပမီ ကြိုတင်ပြင်ဆင်သည့် ကာလအတွင်း ကိုယ်စားလှယ်လောင်းများအနေဖြင့် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများ ရရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားသည်။

**❖ လွိုင်ကော်ဒေသအတွင်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည်**

**❖ အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဦးစားပေး၍ဆောင်ရွက်ပေးသွားမည်**

**❖ နိုင်ငံတော်က တည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသကို မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ကိုယ်စီထိန်းသိမ်းဆောင်ရွက်ကြစေလို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေအိမ် အဆောက်အအုံများ၊ လမ်းတံတားများကို ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးထားမှုများ၊ ပြည်သူများအနေဖြင့် အေးချမ်းစွာဖြင့် ပုံမှန်သွားလာလုပ်ကိုင်နေထိုင်လျက်ရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအား အဆင့်မြင့် သီရိမင်္ဂလာဈေး အသစ်အဖြစ် တည်ဆောက်နေမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတစ်ဦးက ဈေးအသစ်ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်၏ မြို့တော်ရှိ ဈေးဖြစ်သဖြင့် တည်ဆောက်ရာတွင် အဆင့်မီသည့်ဈေးကြီးတစ်ခုအဖြစ်တည်ဆောက်နိုင်ရေး စနစ်တကျ ဒီဇိုင်းရေးဆွဲ တည်ဆောက်သွားရန်လိုကြောင်း၊ ဆိုင်ခန်းများ၊ ကားရပ်နားရန်နေရာများ စနစ်တကျ တည်ဆောက်ရန်နှင့် ရေပေးဝေမှုစနစ်များ၊ အမှိုက်စွန့်ပစ်မှုစနစ်များ စနစ်တကျရှိစေရေး ကြိုတင်တွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးရှိ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး၊ ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၄**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး၊ ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အစီအစဉ်အရ ခရိုင်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်၊ ဒုတိယခရိုင်ဦးစီးမှူးနှင့်မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ ခရိုင်အဆင့် နည်းပြသင်တန်းသို့ အောင်မြေသာစံမြို့နယ်နှင့်ပုသိမ်ကြီးမြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၂ ရက်ဖြစ်ကြောင်း သိရသည်။ (ဓဲပုံ) (ဝ၉၃)

## အသားဆိုင်များအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချနိုင်ရေး ဆောင်ရွက်

**နတ်မောက် စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အသားဆိုင်များအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များက ဒေသခံပြည်သူများ အသားဆိုင်များ ဝယ်ယူရာ၌ ဈေးနှုန်းသက်သာချောင်ချိစွာ ဝယ်ယူနိုင်စေရန် သတ်မှတ်ဈေးနှုန်းများဖြစ်သည့် အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၁၇၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ဈေးနှုန်းအတိုင်း ရောင်းချနိုင်ရေးအတွက် နေ့စဉ် စဉ်ဆက်မပြတ် ကြီးကြပ်လျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက သတ်မှတ်ဈေးနှုန်းများကို ပြည်သူများသိရှိစေရန် Hand Speaker ဖြင့် ကြေညာ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၆၅)

## အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ စင်ကာပူသို့ အလည်အပတ်သွားရောက်



**စင်ကာပူ စက်တင်ဘာ ၄**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ စင်ကာပူသို့ စက်တင်ဘာ ၄ ရက်က အလည်အပတ်သွားရောက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူဝန်ကြီးချုပ် လောရင့်စ်ဝေါင်းက ဧည့်သည်တော် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီကို နိုင်ငံတော်အခမ်းအနားဖြင့် ခရီးဦးကြိုပြုခဲ့သည်။

နာရင်ဒရာမိုဒီအနေဖြင့် စင်ကာပူနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ်အဖြစ် (၅)ကြိမ်မြောက် တရားဝင်အလည်အပတ်ရောက်ရှိလာခြင်းဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

နှစ်ရက်ကြာအလည်အပတ်ခရီးစဉ်အတွင်း ၎င်းအနေဖြင့် စင်ကာပူသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့်သာမက ထိပ်တန်းဝန်ကြီးများဖြစ်သည့် လီဆိန်လွန်း၊ ဂိုချောက်တောင်တို့နှင့်လည်း တွေ့ဆုံမည်ဟု ဆိုသည်။

ဤအလည်အပတ်ခရီးစဉ်အတွင်း အိန္ဒိယနှင့်စင်ကာပူ နှစ်နိုင်ငံအကြား လျှပ်သိုပစ္စည်းပူးပေါင်းထုတ်လုပ်ရေးနှင့်ပတ်သက်၍ အလေးထားဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

MON






အင်ဒိုနီးရှားနိုင်ငံသို့ စက်တင်ဘာ ၄ ရက်က အလည်အပတ်ရောက်ရှိလာသော ဗာတီကန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီးဖရန့်စစ်နှင့် သမ္မတဂျိုကိုဝီဒိုဒိုတို့နှစ်ဦးကို တွေ့ရစဉ်။

MON



## ရုရှားသမ္မတ ဗလာဒီမာပူတင် မွန်ဂိုလီးယားနိုင်ငံသို့ ရောက်ရှိ

**အူလန်ဘာတော စက်တင်ဘာ ၄**

ရုရှားသမ္မတ ဗလာဒီမာပူတင် စက်တင်ဘာ ၃ ရက်က မွန်ဂိုလီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အူလန်ဘာတောမြို့တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာသော ရုရှားသမ္မတကို အိမ်ရှင် မွန်ဂိုလီးယားသမ္မတ ဉခနားဂင်ခွါရေဆွတ်က ဂျင်ဂစ်ခန်ရင်ပြင်တွင် မြင်းစစ်သည်တော်တပ်ဖွဲ့ဖြင့် တခမ်းတနားကြိုဆိုခဲ့သည်။

ဆိုဗီယက်ယူနီယံအစိုးရလက်ထက်က မွန်ဂိုလီးယားနိုင်ငံ၌ ကွန်မြူနစ်ဝါဒထွန်းကားအောင် ရုရှားက ဆယ်စုနှစ်အနည်းငယ်မျှကြာအောင် ပံ့ပိုးကူညီခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် သမ္မတ ဗလာဒီမာပူတင်အနေဖြင့် နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ညှိနှိုင်းဆွေးနွေးမည်ဟု ဆိုသည်။

တစ်နှစ်လျှင် ရုရှားဘက်မှ သဘာဝဓာတ်ငွေ့ ကုဗမီတာ ဘီလီယံ ၅၀ ကို မွန်ဂိုလီးယားနိုင်ငံအတွင်း ပိုက်လိုင်းဖြတ်သန်းကာ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် အစီအစဉ်နှင့်ပတ်သက်၍လည်း ဆွေးနွေးဖွယ်ရှိကြောင်း မွန်ဂိုလီးယားအစိုးရက သတင်းထုတ်ပြန်ကြောင်း သိရသည်။

MON

0-0-0-0-0

## ဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါကို အမေရိကန်အစိုးရက တရားစွဲဆိုလိုက်ပြီ

**ဝါရှင်တန် စက်တင်ဘာ ၄**

ဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါကို အမေရိကန်အစိုးရက တရားစွဲဆိုလိုက်ပြီဟု စက်တင်ဘာ ၃ ရက်က အမေရိကန်တရားရေးဌာနက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းနှင့် အခြားဟားမတ်စ်ထိပ်တန်းခေါင်းဆောင် ၆ ဦးတို့အပေါ် အမေရိကန်နိုင်ငံသားများကိုသတ်ဖြတ်မှု၊ အကြမ်းဖက်မှု၊ လူအစုအပြုံလိုက်သေစေနိုင်သောလက်နက်များသုံးစွဲမှုအပါအဝင် အမှု ၇ မှုဖြင့် တရားစွဲဆိုခြင်းဖြစ်သည်။

၎င်းတို့ကို တရားစွဲတင်ခြင်းနှင့်ပတ်သက်၍ အမေရိကန်ရှေ့နေချုပ် မားရစ်ခ်ဂါလန်းက သတင်းစာရှင်းလင်းပွဲတွင် အကျယ်တဝင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။ MON



## တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တောင်းပြည်နယ်အတွင်း ကျောင်းကားမှောက်မှုဖြစ်ပွား၊ လူ ၁၁ ဦး သေဆုံး

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တောင်းပြည်နယ်အတွင်းရှိ တိုင်အန်းမြို့၌ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ကျောင်းကားမှောက်မှုဖြစ်ပွားရာ လူ ၁၁ ဦး သေဆုံးကာ ၁၃ ဦး ဒဏ်ရာရခဲ့ကြောင်း စီစီတီဗီသတင်းဌာနက ဖော်ပြသည်။

ကျောင်းအနီးသို့ရောက်ရှိလာသော ထိုကားသည် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၂၇ မိနစ်ခန့်တွင် ကျောင်းအပြင်ဘက်၌ရှိနေသော ကျောင်းသားများနှင့် ကျောင်းသားမိဘများကို ဝင်တိုက်မိပြီးနောက် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်မောင်းက ကားကို ဘရိတ်မထိန်းနိုင်တော့ဘဲ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ရာ အချိန်မီရှောင်တိမ်းနိုင်သူများ သက်သာရာရခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ထိုကျောင်းကားမှောက်မှုတွင် သေဆုံးခဲ့သူများမှာ မိဘ ၆ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၅ ဦး တို့ဖြစ်သည်ဟု နေ့လယ် ၁၁ နာရီ ၃၀ မိနစ်တွင် အတည်ပြုခဲ့သည်။

ဒဏ်ရာရသူများအနက် တစ်ဦး၏အခြေအနေစိုးရိမ်ရပြီး ကျန် ၁၂ ဦး အခြေအနေကောင်းမွန်ကြောင်း သိရသည်။ MON






## အင်္ဂလိပ်ရေလက်ကြား ပြင်သစ်ဘက်ခြမ်းတွင် နိုင်ငံကူးပြောင်းသူများ၏ လှေနစ်မြုပ်မှုဖြစ်ပွား

**ပဲရစ် စက်တင်ဘာ ၄**

အင်္ဂလိပ်ရေလက်ကြား ပြင်သစ်ဘက်ခြမ်း ကမ်းရိုးတန်းတွင် စက်တင်ဘာ ၃ ရက်က နိုင်ငံကူးပြောင်းသူများ၏လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းလှေနစ်မြုပ်မှုတွင် ကလေး ၆ ဦးနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအပါအဝင် လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း ပြင်သစ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အတည်ပြုကြေညာသည်။

တင်ဆောင်နိုင်သောဝန်ထက်ကျော်လွန်ကာ လူပေါင်း ၆၀ ဦးကျော်ကို တင်ဆောင်လာရာမှ လှေဝမ်းပွင့်ထွက်ပြီး နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

လူ ၅၀ ဦးကျော်ကို ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့အနက် နှစ်ဦး၏အခြေအနေမှာ အသက်အန္တရာယ်စိုးရိမ်ရသည်ဟု ပြင်သစ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

အဆိုပါဖြစ်ရပ်သည် ယခုနှစ်အတွင်း အဆိုးရွားဆုံးသော နိုင်ငံကူးလှေနစ်မြုပ်မှုဖြစ်ကြောင်း သိရသည်။ MON

## ဘင်္ဂလားဒေ့ရှ်ရေကြီးမှုအခြေအနေဆိုးရွား ၇၁ ဦး သေဆုံး၊ လူသန်းနှင့်ချီ၍ ရေဘေးသင့်



**ဒက္ကာ စက်တင်ဘာ ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စက်တင်ဘာ ၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုရေကြီးမှုသည် အခြေအနေဆိုးရွားလျက်ရှိပြီး သေဆုံးမှုပမာဏ ၇၁ ဦး ရှိနေကာ လူပေါင်းသန်းနှင့်ချီ၍ ရေဘေးသင့်ခဲ့ကြောင်း အစိုးရသဘာဝဘေးကယ်ဆယ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

၁၁ ခရိုင်တွင် ရေဘေးသင့်မှုအခြေအနေလွန်ကဲကာ မိသားစု ၅၈၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက အတည်ပြုကြောင်း သိရသည်။

MON

## မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်(အကြို) အသိပညာပေး ဆိုင်းဘုတ်တင်အခမ်းအနား ကျင်းပ

**မိုင်းဆတ် စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) အသိပညာပေး ဆိုင်းဘုတ်တင် အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့မဈေးရှေ့တွင် ဆောင်ရွက်ခဲ့သည်။

လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ကူညီနိုင်ရန် 'ကလေးသူငယ်များ ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား' ဆိုင်းဘုတ်တင်အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနိုင်လင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးမြင့်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်(၃) မိုင်းဆတ်မှ ဒုတိယရဲမှူးလှဘုန်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများ စမ်းသပ်စစ်ဆေးကုသပေးခြင်း ဆောင်ရွက်

**မင်းလှ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စစ်ဆေးပေးခြင်းနှင့် အခမဲ့ စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့ နံနက် ၉ နာရီခွဲက မင်းလှမြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်၊ ဒေါက်တာအောင်ကျော်သူနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား စာရင်းပေးသွင်းပြီး ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးပေးခြင်းတို့ကို စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများအား အခမဲ့ဆောင်ရွက်ပေးရာ စက်တင်ဘာ ၃ ရက်တွင် ကျန်းမာရေးလာရောက်စစ်ဆေးသူ ၂၉ ဦးရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**စာစာ(အထက်မင်းလှ)**

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၄**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း (ဗဟို -မန္တလေး)(ABDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ် (၂၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုမေက အမှာစကား ပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်းဗဟိုအလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်က လည်းကောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကို အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးကလည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ဆက်လက်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးအေးလွင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းအကြောင်း ဟောပြောပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား အသင်းဗဟိုအလုပ်အမှုဆောင် ဒေါ်သင်းသင်းဦးက မေးခွန်းများမေးမြန်းပြီး ဖြေဆိုသူများအား ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။

**(ဝဲပုံ)(ဝ၇ဝ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**အမရပူရ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်ရှိ မဟာဂန္ဓာရုံအမှတ် (၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းကို စက်တင်ဘာ ၃ ရက်က အမရပူရမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဒုဦးစီးမှူး ဦးထွန်းနေနွယ် ဦးဆောင်၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေး ဟောပြောပွဲတွင် သန္ဓေတပ်ဖွဲ့ဝင် ငါးဦးဖြင့် ဆောင်ရွက်ခဲ့ရာ ဒုဦးစီးမှူး ဦးထွန်းနေနွယ်မှ မီးလောင်မှု၏ အခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းအဆင့်ဆင့်၊ ကနဦးမီးငြိမ်းသတ်ခြင်းနည်းလမ်းများ၊ မီးခိုးအန္တရာယ်ကြုံတွေ့လာပါက လိုက်နာရမည့် အချက်များအား အသိပညာပေးဟောပြောခဲ့ပြီး မီးသတ်ဆေးဘူးအသုံးပြု၍ ကျောင်းသား၊ ကျောင်းသူများက လက်တွေ့မီးငြိမ်းသတ်ခြင်းအား ဆောင်ရွက်ခဲ့သည်။

မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စိုးသီဟ(အမရ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီးကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကိုလည်းကောင်း၊

ကျွဲတပ်ဆုံဂိတ်နှင့် ဘုရားငါးဆူရှာကြားရှိ တောင်လေးလုံးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းလေးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်း တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် ဆိုင်ကယ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်၌ တရားမဝင် အခြားသစ် ၄ ဒသမ ၉၄၉ တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ်တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ




မီးကို ကြိုတင်
ကာကွယ်ခြင်းဖြင့်
အနိုင်ယူပါ။



# နိုင်ငံတကာ အားကစား သတင်းများ



## 2024 US Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Taylor Fritz တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိမ်ရှင်အမေရိကန်တင်းနစ်ကစားသမား Taylor Fritz တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင်အမေရိကန် တင်းနစ်ကစားသမား Taylor Fritz သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၇-၆၊ ၃-၆၊ ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz နှင့် တစ်နိုင်ငံတည်းသားဖြစ်သူ တင်းနစ်ကစားသမား Frances Tiafoe တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## 2024 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Aryna Sabalenka တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဘီလာရုတင်းနစ်မယ် Aryna Sabalenka တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဘီလာရု တင်းနစ်မယ် Aryna Sabalenka သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် Qinwen Zheng အား ၆-၁၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဘီလာရုတင်းနစ်မယ် Aryna Sabalenka နှင့် အိမ်ရှင်အမေရိကန် တင်းနစ်မယ် Emma Navarro တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**



## လူးကပ်စ်အိုကမ်ပို့စ်အား သုံးနှစ်စာချုပ်ဖြင့် မွန်တာရေးအသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၄**

မက္ကဆီကိုကလပ် မွန်တာရေးအသင်းသည် ဆီဗီလာအသင်း တောင်ပံကစားသမား လူးကပ်စ်အိုကမ်ပို့စ်အား ပြောင်းရွှေ့ကြေးယူရို ၇ဒသမ ၂၅သန်းဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**




အဆိုပါ တောင်ပံကစားသမားသည် ဆီဗီလာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၂၀၈ ပွဲကစားကာ ၄၄ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မွန်တာရေးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ လူးကပ်စ်အိုကမ်ပို့စ်က "ကျွန်တော် မွန်တာရေးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ မွန်တာရေးအသင်းရလဒ်ကောင်းတွေရရှိဖို့ ပေးဆပ်သွားမှာပါ" ဟု ပြောသည်။ **(NGB)**

## ကယ်လီမန်းတံကောက်ကြောဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၄**

ချဲလ်ဆီးအသင်းတိုက်စစ်မှူး ကယ်လီမန်း တံကောက်ကြောဒဏ်ရာကြောင့် နှစ်လခန့်အထိ အနားယူရဖွယ် ရှိနေသည်။

အဆိုပါတိုက်စစ်မှူးသည် ချဲလ်ဆီးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူးကယ်လီမန်းသည် ၂၀၂၄ နွေရာသီ အပြောင်းအရွှေ့ ဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး လက်ရှိအချိန်အထိ အသင်းနှင့်အတူ ပွဲစဉ်တစ်ပွဲမျှပင် မကစားရသေးဘဲ ဒဏ်ရာကြောင့် အနားယူရတော့မည် ဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကယ်လီမန်း ဒဏ်ရာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ **(အောက်ပုံ) (NGB)**






## ဟာမိုဆို ရိုးမားအသင်းတွင် ကျောနံပါတ် ၂၂ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**တူရင် စက်တင်ဘာ ၄**

နောက်ခံကစားသမားသစ် ဟာမိုဆို ရိုးမားအသင်းတွင် ကျောနံပါတ် ၂၂ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီးနောက် ရိုးမားအသင်းသို့ ၂၀၂၇ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဟာမိုဆိုသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၁၇၄ ပွဲကစားကာ ၁၀ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

ရိုးမားအသင်းသည် ၂၀၂၄ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ၁၀ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(NGB)**

### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၅-၉-၂၀၂၄ ကြာသပတေးနေ့ | ညနေ ၄း၄၀နာရီ | C | သြစတြေးလျ - ဘာရိန်း | သြစတြေးလျ ၁-၀ ဘာရိန်း |
| ။ | ညနေ ၅း၀၅နာရီ | C | ဂျပန် - တရုတ် | ဂျပန် ၂-၀ တရုတ် |
| ။ | ညနေ ၅း၃၀နာရီ | B | တောင်ကိုရီးယား - ပါလက်စတိုင်း | —— |
| ။ | ည ၈း၃၀နာရီ | A | ဥဇဘက်ကစ္စတန် - မြောက်ကိုရီးယား | ဥဇဘက်ကစ္စတန် ၃-၁ မြောက်ကိုရီးယား |
| ။ | ည ၁၀း၃၀နာရီ | ။ | အီရန် - ကာဂျစ်စတန် | အီရန် ၆-၀ ကာဂျစ်စတန် |
| ။ | ။ | ။ | ကာတာ - ယူအေအီး | ကာတာ ၁-၁ ယူအေအီး |
| ။ | ။ | B | အီရတ် - အိုမန် | အီရတ် ၃-၂ အိုမန် |
| ၆-၉-၂၀၂၄ သောကြာနေ့ | နံနက် ၁၂း၃၀နာရီ | ။ | ဂျော်ဒန် - ကူဝိတ် | ဂျော်ဒန် ၃-၀ ကူဝိတ် |
| ။ | ။ | C | ဆော်ဒီအာရေဗျ - အင်ဒိုနီးရှား | —— |

### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာဖရိကဇုန်) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၅-၉-၂၀၂၄ ကြာသပတေးနေ့ | ည ၇း၃၀နာရီ | L | မာလာဝီ - ဘူရွန်ဒီ | —— |
| ။ | ည ၉း၃၀နာရီ | B | ဝဟိုအာဖရိက - လီဆိုသို | —— |
| ။ | ည ၁၀း၃၀နာရီ | F | ဂါနာ - အန်ဂိုလာ | ဂါနာ ၁-၀ အန်ဂိုလာ |
| ။ | ။ | I | ဂီနီယာဘစ်ဆော - ဆွာတီနီ | ဂီနီယာဘစ်ဆော ၃-၀ ဆွာတီနီ |
| ။ | ။ | K | ကွန်ဂို - တောင်ဆူဒန် | ကွန်ဂို ၁-၂ တောင်ဆူဒန် |
| ၆-၉-၂၀၂၄ သောကြာနေ့ | နံနက် ၀၁း၃၀နာရီ | A | တူနီးရှား - မာဒါဂက်စ်ကာ | တူနီးရှား ၃-၀ မာဒါဂက်စ်ကာ |
| ။ | ။ | E | အယ်ဂျီးရီးယား - ဂီနီယာ | အယ်ဂျီးရီးယား ၀-၁ ဂီနီယာ |

### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (တောင်အမေရိကဇုန်) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၆-၉-၂၀၂၄ သောကြာနေ့ | နံနက် ၀၂း၃၀နာရီ | ဘိုလီးဗီးယား - ဗင်နီဇွဲလား | ဘိုလီးဗီးယား ၃-၁ ဗင်နီဇွဲလား |
| ။ | နံနက် ၆း၃၀နာရီ | အာဂျင်တီးနား - ချီလီ | အာဂျင်တီးနား ၁-၁ ချီလီ |

### ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၅-၉-၂၀၂၄ ကြာသပတေးနေ့ | ည ၁၀း၃၀နာရီ | အဇာဘိုင်ဂျန် - ဆွီဒင် | အဇာဘိုင်ဂျန် ၃ -၀ ဆွီဒင် |
| ၆-၉-၂၀၂၄ သောကြာနေ့ | နံနက် ၀၁း၁၅နာရီ | ပေါ်တူဂီ - ခရိုအေးရှား | ပေါ်တူဂီ ၁ -၂ ခရိုအေးရှား |
| ။ | ။ | စကော့တလန် - ပိုလန် | စကော့တလန် ၁ -၁ ပိုလန် |
| ။ | ။ | အက်စ်တိုးနီးယား - ဆလိုဗက်ကီးယား | —— |
| ။ | ။ | ဆန်မာရီနို - လက်ချင်စတိန်း | ဆန်မာရီနို ၀ -၂ လက်ချင်စတိန်း |
| ။ | ။ | ဒိန်းမတ် - ဆွစ်ဇာလန် | ဒိန်းမတ် ၀ -၀ ဆွစ်ဇာလန် |
| ။ | ။ | ဆားဘီးယား - စပိန် | —— |
| ။ | ။ | ဘီလာရု - ဘူဂေးရီးယား | ဘီလာရု ၂ -၁ ဘူဂေးရီးယား |
| ။ | ။ | မြောက်အိုင်ယာလန် - လူဇင်ဘတ် | မြောက်အိုင်ယာလန် ၁ -၀ လူဇင်ဘတ် |

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ မန္တလေးတိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**မန္တလေး စက်တင်ဘာ ၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ၊ မန္တလေးတိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက "အဓိကမျှော်တွေး ကျန်းမာရေး" အဖွင့်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ကျောင်းကျန်းမာရေး လုပ်ငန်း၏အရေးပါပုံနှင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်များကို ပိုမိုသိရှိလာစေရန်၊ ကျန်းမာရေးအဆင့်မြှင့် ကျောင်းထူထောင်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပံ့ပိုးလာစေရန် ကျောင်းသား၊ ကျောင်းသူများမှာ ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်ကောင်းများ ရရှိကျင့်သုံးနိုင်စေရေးနှင့် သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းပတ်ဝန်းကျင်များ ပေါ်ထွန်းလာစေရေး၊ ရေရှည်တည်တံ့စေရေး အထောက်အကူရစေရန် ရည်ရွယ်၍ နှစ်စဉ်ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးအဆင့်မြှင့်ကျောင်းများကို နည်းစနစ်ကျကျ အကျိုးရှိရှိအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရာတွင် အဓိကလူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ပြည့်စုံပြီး ဗလငါးတန်ပြည့်ဝသည့် ကျောင်းသားလူငယ်များ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ဗလငါးတန်ဖွံ့ဖြိုးရေး ကျောင်းကျန်းမာရေးအလေးပေး ဆောင်ပုဒ်နှင့်အညီ ကျန်းမာပျော်ရွှင်သည့် ပညာသင်ယူမှု ပတ်ဝန်းကျင်ကောင်း ဖန်တီးနိုင်စေရေး ကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များတွင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ မှတ်တမ်း video clip ပြသမှုကို ကြည့်ရှုပြီးနောက် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက တိုင်းဒေသကြီးအဆင့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအား ဗီတာမင်အေနှင့် ကျောင်းသူများအား သံဓာတ်အားဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ










# မန္တလေးတိုင်းဒေသကြီးအဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပ







**မန္တလေး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အဆင့်(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမျိုးသား ဇာတ်ရုံတွင် ကျင်းပရာ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူ များ၊ အကဲဖြတ်ဒိုင် အဖွဲ့ဝင်ပညာရှင်များ၊ ခရိုင်နှင့် တက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူ များတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က အဖွင့်အမှာစကားပြော ကြားရာတွင် နိုင်ငံတော်က အမျိုး ဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ တိုင်းရင်းသား တို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက် စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ် ကျေးမှုအနုပညာ အမွေအနှစ် များ အမျိုးသား ယဉ်ကျေးမှုစရိုက် လက္ခဏာများ မပျောက်ပျက်ရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင် ရေး၊ မျိုးဆက်သစ်လူငယ်များ အကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုး သားရေးစိတ်ဓာတ်များ ပိုမိုထွန်း ကားပြန့်ပွားနေစေရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ် အေးချမ်းရေးတို့အတွက်အမျိုးသား ယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ် တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ရေး ဦးတည်ချက်များ နှင့်အညီ ကျင်းပလာရာ ငွေရတု သို့ရောက်ရှိပြီးဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲမှ ထွက်ပေါ်လာမည့် ထူးချွန်သည့် မျိုးဆက်သစ် အနုပညာရှင်များအနေဖြင့် လာ မည့်အောက်တိုဘာလတွင် နေပြည် တော်၌ကျင်းပမည့် ဗဟိုအဆင့် ပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီး ၏ဂုဏ်ဆောင် ပါဝင်ယှဉ်ပြိုင် သွားကြရမည်ဖြစ်ပါကြောင်း၊ အရည်အချင်းပြည့်ဝသူ အနုပညာ ရှင်များကို စနစ်တကျရွေးချယ် ပေးသွားကြရမည်ဖြစ်ပါကြောင်း နှင့် ပြိုင်ပွဲဝင်များအနေဖြင့် အစွမ်း ကုန်ကြိုးစားယှဉ်ပြိုင်သွားကြရ မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ သည်။

ဆက်လက်၍ တိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် တိုင်းဒေသကြီး အဆင့်(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ်မြန်မာ့ရိုးရာယဉ် ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးပြီးနောက် ဆို၊ က၊ ရေး၊ တီး ဂုဏ်ပြုတေး၊ အမျိုးသမီး ဆိုင်းအဖွဲ့၊ မင်းသားယိမ်းအက၊ ဒိုးပတ်အဖွဲ့တို့မှ ဧည့်ခံတင်ဆက် မှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲ ဘာသာရပ်အလိုက် သတ်မှတ် နေရာများတွင် ယှဉ်ပြိုင်ရွေးချယ် သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ–ဝ–ဝ–ဝ–ဝ

**သတင်း–စာမျက်နှာ ၁၂**



# အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းတုံ စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ အ·ထ·က မိုင်းတုံ စာသင်ကျောင်းခန်းတွင် ယနေ့ နံနက်ပိုင်းက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဖော်ဆောင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဧည့်သည်စာရင်း စီမံခန့်ခွဲမှုစနစ်အသုံးပြုမှု သင်တန်းဖွင့်ပွဲ ကျင်းပ

**အောင်လံ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ် (Guest List Management System – GLMS)စနစ် အသုံးပြုမှု သင်တန်းဖွင့်ပွဲ အခမ်းအနား ကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့ Hotel May ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အောင်လံ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဒေသကို ဧည့်သည်ပိုမိုဝင်ရောက်လာစေရေး အတွက် ဧည့်သည်များလာရောက် လည်ပတ်ရမည့်အကြောင်းအရင်း ခံ ဆွဲဆောင်မှုများ ရှာဖွေဖော်ထုတ် ဆောင်ရွက်ကြရမှာဖြစ်ပြီး ဧည့် သည်များ ဝင်ရောက်လာသည့်အခါ ဧည့်စာရင်းကို တိကျမှန်ကန်စွာ တိုင်ကြားခြင်းဖြင့် မိမိတို့ဒေသ လုံခြုံဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ သည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားရေးမှူးက ဟိုတယ်ဆိုင်ရာ သိကောင်းစရာ များကို အကျယ်တဝံ့ ဆွေးနွေး ပြောကြားခဲ့ပြီး စည်ပင်သာယာ ရေးအဖွဲ့မှ ဆက်လက်ဆွေးနွေး ခဲ့သည်။ ထို့နောက် လုပ်ငန်းရှင် များကိုယ်စား Hotel May မှ လုပ်ငန်းရှင် ဒေါ်ခင်မေစန်းက လိုအပ်သည်များ ဆွေးနွေးပြော ကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



## ရေအသုံးချသူများအဖွဲ့ (WUG) အသင်းဝင်များအား သင်တန်းပို့ချခြင်းနှင့်တူညီဝတ်စုံများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ




**အမရပူရ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုး ကျေးရွာအုပ်စု၊ ဂျိုကျေးရွာ၊ ကွင်းအမှတ်(၅၇၀/ခ)၊ ပေါက်အင်းကွင်းအတွင်းရှိ စိုက်ခင်းရှင်းလင်းဆောင်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန၊ ရေအသုံးချသူများအဖွဲ့ (WUG)အသင်းဝင်များအား သင်တန်းပို့ချခြင်းနှင့် တူညီဝတ်စုံ များပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ သည်။ ဆက်လက်ပြီး အခမ်း အနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း ခြင်းနှင့်ပတ်သက်၍ အသိပညာ ပေးအကြောင်းအရာများ ရှင်းလင်း ပြောကြားပြီး တက်ရောက်လာ သည့် တောင်သူများနှင့် ရေအသုံး ချသူများအဖွဲ့(WUG) အသင်း ဝင်များအား သင်တန်းပို့ချခြင်း၊ တူညီဝတ်စုံများ ပေးအပ်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း များကို ပြုလုပ်ဆောင်ရွက်ခဲ့ကြ သည်။ (ဝဲပုံ)

အခမ်းအနားသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့် ဦး၊ မြို့နယ်မြေစာရင်းဦးစီး ဌာနမှ ဦးစီးမှူး ဦးဆယ်တင်၊ မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီး အရာရှိ ဦးမျိုးဇော်ဝင်း၊ စက်မှု လယ်ယာဦးစီးဌာနမှ ဦးစီးမှူး ဦးသွင်မောင်မောင်ထွန်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာ ဒေါ်မိုးဆွေရီ၊ တမုတ် ဆိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ဇော်နှင့် တောင်သူ ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရ သည်။

**စိုးသီဟ(အမရ)**

---



## မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲအား ပြိုင်ပွဲဝင်လှေအသင်းပေါင်း ၃၀ သင်းခန့်ဖြင့် ထည့်သွင်းကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ (၁၄၁)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်တွင် ထည့်သွင်း ကျင်းပမည့် မြန်မာ့ရိုးရာလောင်း လှေပြိုင်ပွဲအား ပြိုင်ပွဲဝင်လှေ အသင်း စုစုပေါင်း ၃၀ သင်းခန့် ဖြင့် ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး ထံမှ သိရသည်။

ယခုနှစ် (၁၄၁)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ တော် ဗုဒ္ဓပူဇနီယပွဲတော်မှာ ထည့် သွင်းကျင်းပမယ့် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်းပေါင်း ၃၀ သင်းခန့်နဲ့ ထည့်သွင်းကျင်းပသွားမှာ ဖြစ် ပါတယ်။ မနေ့က မွန်းလွဲပိုင်းမှာ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ အနေနဲ့ ပြိုင်ပွဲဝင်လှေအသင်း တာဝန်ခံများနှင့်တွေ့ပြီး ပြိုင်ပွဲ စည်းကမ်းချက်များကို ရှင်းလင်း ခြင်း၊ ပြိုင်ပွဲဝင်လှေအသင်း စာရင်း အတည်ပြုလက်ခံခြင်းများကို ကနဦး ဆောင်ရွက်ခဲ့ရာ အမျိုး သားအငယ်တန်းပြိုင်ပွဲ အသင်း ၁၈ သင်းနဲ့ အမျိုးသမီးပြိုင်ပွဲဝင် အသင်း ၅ သင်းတို့ကို စာရင်း အတည်ပြုလက်ခံရရှိပြီး ဖြစ်ပါ တယ်။ အမျိုးသားအကြီးတန်း ပြိုင်ပွဲဝင် အသင်းအရေအတွက် ကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ပိုင်းမှာ ထပ်မံအတည်ပြုဆောင် ရွက်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါ မြန်မာ့ရိုးရာလောင်းလှေ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ခရိုင်မီးသတ် ဦးစီးမှူး ဦးကျော်ဆန်းက ပြောသည်။

မိတ္ထီလာမြို့ (၁၄၁)ကြိမ် မြောက် သမိုင်းဝင်ဖောင်တော် ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကို စက်တင်ဘာ ၁၀ ရက်မှ ၁၇ ရက်နေ့အထိ ဆွမ်းသပိတ်လောင်း လှူပွဲ၊ မြန်မာ့ရိုးရာလောင်းလှေ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ဘုရားပွဲ ဈေးတန်း ဈေးဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချခြင်းများ ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

(အပေါ်ပုံ)

(၄၅၃)

---

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၄**

၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကန့်ဘလူ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ဦးဆောင်၍ ပညာ ရေးဌာနနှင့်ပူးပေါင်းကာ ကမ္ဘာ့ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် (အထက်တန်း)ပန်းချီပြိုင်ပွဲကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်း က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ ပန်းချီပြိုင်ပွဲတွင် အထက(၁)တာဝန်ခံကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမ များက ကြီးကြပ်၍ အခြေခံပညာ ကျောင်းများ၊ ကိုယ်ပိုင်ကျောင်း များမှ အထက်တန်းဆင့် ကျောင်း သား၊ ကျောင်းသူ ၁၅ ဦးဝင် ရောက်ယှဉ်ပြိုင်ခဲ့သည်။ဆက်လက် ၍ ခရိုင်အဆင့်ယှဉ်ပြိုင်ကာ ပြိုင်ပွဲ တွင်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၌ ကျင်းပမည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့် ပေးအပ်မည်ဖြစ်ကြောင်း သိရ သည်။

(အပေါ်ယာပုံ)

(၄၈၀)

---

## ကတ္တရာရေပိတ်လွှာခင်းပေးခြင်းနှင့် RCC Box Culvert သုံးစင်း ဆောက်လုပ်ပေး


**ကျောက်ဆည် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက် ဆည်မြို့နယ်တွင် ဒေသတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ အမှတ်(၂)ခရိုင်ချင်းဆက်လမ်း တွင်လမ်းပိုင်းခြောက်နေရာအား လမ်းအကျယ်တိုးချဲ့ပြီး ကတ္တရာ တိုးချဲ့ခင်းခြင်း၊ လမ်းပိုင်းလေး နေရာအား ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း လမ်းပိုင်းတစ်နေရာအား ကတ္တရာ ရေပိတ်အလွှာခင်းခြင်း နှင့် RCC Box Culvert သုံး စင်းဆောက်လုပ်ပေးခဲ့ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

အဆိုပါ ပြန်လည်ပြုပြင် ပေးခဲ့သော လမ်းပိုင်းနေရာများ နှင့် RCC Box Culvert များသည် အမှတ်(၂) ခရိုင်ချင်း ဆက်လမ်း၏ ၆၄ ဒသမ ၈ ကီလို မီတာမှ ၆၅ ဒသမ ၈ ကီလိုမီတာ အတွင်း လမ်းအရှည်(၁) ကီလို မီတာအား မူလ ၃ ဒသမ ၆၆ မီတာ လမ်းအကျယ်မှ ၅ ဒသမ ၅ မီတာလမ်းအကျယ်တိုးချဲ့၍ ကတ္တရာခင်းခြင်း ၆၅ ဒသမ ၈ ကီလိုမီတာမှ ၆၆ ဒသမ ၈ ကီလိုမီတာ အတွင်းလမ်းအရှည် တစ်ကီလိုမီတာအား မူလ ၃ ဒသမ ၆၆ မီတာလမ်းအကျယ်မှ ၅ ဒသမ ၅ မီတာ လမ်းအကျယ် တိုးချဲ့၍ ကတ္တရာခင်းခြင်း၊ ၄၅ ဒသမ ၂ ကီလိုမီတာမှ ၄၆ ကီလိုမီတာအတွင်း လမ်းအရှည် ဝ ဒသမ ၈ ကီလိုမီတာအား မူလ ၃ ဒသမ ၆၆ မီတာလမ်းအကျယ် မှ ၅ ဒသမ ၅ မီတာ လမ်း အကျယ်တိုးချဲ့၍ ကတ္တရာခင်း ခြင်း၊ ၄၄ ဒသမ ၄၅၈ ကီလို မီတာမှ ၄၅ ဒသမ ၂ ကီလိုမီတာ အတွင်း လမ်းအရှည် ဝ ဒသမ ၇၄၂ ကီလိုမီတာအား မူလ ၃ ဒသမ ၆၆ မီတာ လမ်းအကျယ်မှ ၅ ဒသမ ၅ မီတာ လမ်းအကျယ် တိုးချဲ့၍ ကတ္တရာခင်းခြင်း၊ ၆၃ ဒသမ ၈ ကီလိုမီတာမှ ၆၄ ဒသမ ၃ ကီလိုမီတာအတွင်း လမ်း အရှည် ဝ ဒသမ ၅ ကီလိုမီတာ အား မူလ ၃ ဒသမ ၆၆ မီတာ လမ်းအကျယ်မှ ၅ ဒသမ ၅ မီတာ လမ်းအကျယ်တိုးချဲ့၍ ကတ္တရာ ခင်းခြင်း၊ ၆၄ ဒသမ ၃ ကီလို မီတာမှ ၆၄ ဒသမ ၈ကီလို မီတာအတွင်း လမ်းအရှည် ဝ ဒသမ ၅ ကီလိုမီတာအား မူလ ၃ ဒသမ ၆၆ မီတာလမ်း အကျယ် မှ ၅ ဒသမ ၅ မီတာလမ်းအကျယ် တိုးချဲ့၍ ကတ္တရာခင်းခြင်း၊ ၅၂ ဒသမ ၈ ကီလိုမီတာမှ ၅၃ ဒသမ ၆ ကီလိုမီတာအတွင်း လမ်း အရှည် ဝ ဒသမ ၆ ကီလိုမီတာ အား ကတ္တရာခင်းခြင်း၊ ၅၀ ဒသမ ၄ ကီလိုမီတာမှ ၅၀ ဒသမ ၆ ကီလိုမီတာအတွင်း လမ်း အရှည် ဝ ဒသမ ၂ ကီလိုမီတာ အား ကတ္တရာခင်းခြင်း၊ ၆၂ ဒသမ ၈ ကီလိုမီတာမှ ၆၃ ဒသမ ၈ ကီလိုမီတာအတွင်း လမ်း အရှည် တစ်ကီလိုမီတာအား ကတ္တရာခင်းခြင်း၊ ၅၆ ကီလို မီတာမှ ၅၇ ဒသမ ၆ ကီလိုမီတာ အတွင်း လမ်းအရှည် တစ်ကီလို မီတာအား ကတ္တရာခင်းခြင်း၊ ၅၃ ဒသမ ၆ ကီလိုမီတာမှ ၅၄ ကီလိုမီတာအတွင်း လမ်းအရှည် ဝ ဒသမ ၄ ကီလိုမီတာအား ကတ္တရာရေပိတ်အလွှာခင်းခြင်း နှင့် ၆၉ ကီလိုမီတာမှ ၇၀ ကီလိုမီတာအတွင်း၊ ၇၃ ကီလို မီတာမှ ၇၄ ကီလိုမီတာအတွင်း၊ ၆၄ ကီလိုမီတာမှ ၆၅ ကီလို မီတာအတွင်း သုံးနေရာတွင် ၁ ဒသမ ၅၂ မီတာ×၁၂ ဒသမ ၁၉ မီတာ RCC Box Culvert သုံးစင်း ဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။ (အောက်ပုံ)

လမ်းပိုင်းပြန်လည်ပြုပြင် ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုငွေနှင့် မန္တလေးတိုင်းဒေသ ကြီး ခွင့်ပြုရန်ပုံငွေ(ငွေလုံးငွေရင်း) ခွင့်ပြုငွေများဖြင့် ပြန်လည် ပြုပြင်ပေးခြင်းဖြစ်ကြောင်းနှင့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း သည် မြို့နယ်ကျေးရွာများနှင့် အခြားဒေသများမှ လူသုံးကုန် များ၊ ဒေသထွက်ကုန်များ အလွယ် တကူသယ်ယူနိုင်ရေး ဖောက်လုပ် ထားသည့် လမ်းမကြီးဖြစ်ပြီး လုပ်ငန်းများ ပြီးစီးပြီဖြစ်သော ကြောင့် လမ်းဘေးကျေးရွာများမှ ပြည်သူများအတွက် လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

(၄၈၅)



# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ဥတ္တရသီရိ စက်တင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ဥတ္တရခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥတ္တရခရိုင်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း၊ ဥတ္တရခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာမာမာဇင်က အခြေခံပညာကျောင်းမှ ပူးပေါင်းပါဝင်နိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးဆွေးနွေးတင်ပြကြရာ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌက ဆွေးနွေးတင်ပြ ချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး ကျောင်းသား ၊ ကျောင်းသူများအား စာအုပ် ၊ စာစောင်များ ငှားရမ်းပေး

**နတ်မောက် စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယမန်နေ့ နံနက်ပိုင်းက ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်၊ စာစောင်များ ငှားရမ်းပေးခဲ့သည်။

အဆိုပါ ကျောင်းတွင် စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာ၌ ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းစာအပြင် ဗဟုသုတတိုးပွားစေရေးအတွက် ပြင်ပစာပေများကို လေ့လာဖတ်ရှုကြစေရန်ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် သုတ၊ ရသ မဂ္ဂဇင်း စသည့် စာအုပ်များငှားရမ်းပေးခဲ့ပြီး နှစ်ပတ်တစ်ကြိမ် စာအုပ်များ ပြန်လည်အပ်နှံခြင်းနှင့် အသစ်လဲလှယ်ထားရှိသော စာအုပ်များအား ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ရပ်ကွက်၊ ဌာနဆိုင်ရာရုံးများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတကြွယ်ဝစေရန်နှင့် စာပေလေ့လာမှု စွမ်းရည်ပိုမိုကောင်းမွန်စေရန် အခြေခံပညာရေးကျောင်းများသို့ အရောက်သွားကာ လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (အပေါ်ယာပုံ) မူမူစန်း







# စာဖတ်ရှိန်မြှင့်တင်ရေး စာပေချစ်မြတ်နိုးသူများနှင့် စာဖတ်ဝိုင်း ကျင်းပ

**မိုင်းစံ စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့တို့ ပူးပေါင်းပြီး စာရေးဆရာဒေါက်တာခင်မောင်ညို၏ "လူငယ်နှင့်အကောင်းဆုံးသော ဘဝကို တည်ဆောက်ခြင်း" စာအုပ်ကို လေ့လာဖတ်ရှု၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ဥမ္မာထွေးက စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် တစ်ဦးနှင့်တစ်ဦး အသိပညာများ ဖလှယ်တတ်စေရန်နှင့် အချင်းချင်း ရင်းနှီးချစ်ကြည်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့ဦးစီးမှူးဒေါ်ဥမ္မာထွေးက "မှားမှာကို မကြောက်ပါနဲ့" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးပြီး (Book Club)အဖွဲ့မှ အဖွဲ့ဝင်ဦးလင်းထိုက်က "လူငယ်နှင့် စူးစမ်းလေ့လာမှုများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးချစ်စမ်းမောင်က "အမြင်တွေနဲ့တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာပေချစ်မြတ်နိုးသူ မောင်ရန်အောင်ထွန်းက "စွန့်လိုက်တဲ့ပွဲ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မယွန်းနန္ဒီမြင့်ဇင်က "အသုံးကျခြင်းနှင့် နှလုံးလှခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက အသိပညာဗဟုသုတများ အပြန်အလှန်မျှဝေခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုန်ဂလေး

## ပုလဲမိုးရွာကျ တော်သလင်းလ

* ဘဒြပိုဒ်နက္ခတ် ဝဋ္ဋာလွမ်းလို့
တိမ်ညိုသန်း လျှပ်ရောင်နွယ်
မိုးသံကျူးတယ် ။
သွန်းရည်ဖွဲ့ ပုလဲသွယ်
ဖျန်းပက်တယ် ဝသန်ခ ။
ရင်းမာပန်းတို့ မွှေးပျံ့သင်းပါတဲ့
တော်သလင်းလ ။

* ကောင်းကင်အလွှာ နေနှင့်လတို့
တူယှဉ်သ စန်းယှဉ်ကာ
ကောင်းခြင်းစုံစွာ ။
ရပ်ရှစ်ခွင်ရဲ့ ကမ္ဘာလ
ရောင်စုံအလွှာ မှိုင်းခြယ်လျက် ။
ကန်ရာသီ လှအဆင်းကိုပ
(ပြုဗ္ဗာဘဒြပိုဒ် နက္ခတ်အစွမ်းနဲ့)
လှဆောင်နင်းဆက် ။

* မိုးသားနှင့်အတူ လေပြည်သက်လို့
အပင်ကိုင်းခက် တိမ်းညွတ်ဟန်
ကကွက်သဏ္ဍာန် ။
ဘုရား ကျောင်း စေတီတို့ ဓမ္မအသံ
ဝေစည်လျှံ လွှမ်းခြုံသင်း ။
တော်သလင်းသည် ကောင်းခြင်းထပ်ပါလို့
(ဂရုဓမ္မအခါတော်မည်တဲ့)
မြတ်လှဝါတွင်း ။ ။

မင်းမြတ်ပိုး(မန်းမြေ)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့ ။

## သတင်းပဒေသာ

### ကျေးရွာစာကြည့်တိုက် မြေနေရာ ပန္နက်တင်အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ယန်းမိုင်ကျေးရွာတွင် နိုင်ငံတော်မ,တည်ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက် မြေနေရာ ပန္နက်တင်အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်မြေနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဟောပြော

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ အသိပညာရရှိစေရန် ရည်ရွယ်၍ မျောက်ကျောက်ရောဂါဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ မိုးရာသီစိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၅၂) အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ထန်းတောကျေးရွာအုပ်စုမှ တောင်သူ ၈၄ ဦးတို့၏ မိုးစပါးစိုက်ဧက ၁၉၅ ဧကနှင့် နှမ်းစိုက်ဧက ငါးဧကတို့အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေးလုပ်ငန်း ညှိနှိုင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန်အတွက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ်ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းကို စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီခွဲက အဆိုပါကျောင်းတွင် ပြုလုပ်သည်။

ဆွမ်းအလှူငွေ လှူဒါန်းခြင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ်ထာဝရ ဆွမ်းအလှူငွေ လှူဒါန်းခြင်းအဖြစ် ဩဂုတ်လအတွက် ငွေကျပ်သိန်း ၂၀ ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးတင်က ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ရုံးအဖွဲ့မှူး ဦးမောင်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၅၂)**



---



# (၁၆)ပါးမြောက် တိပိဋကဆရာတော်က သဒ္ဓမ္မပဇ္ဇောတကဝံသအဖွဲ့ကို ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

**မုံရွာ စက်တင်ဘာ ၄**

မုံရွာမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်တွင် စက်တင်ဘာ ၂ ရက်က ကျင်းပသော တိပိဋကဂုဏ်ဝိသိဋ္ဌပူဇာပွဲတွင် (၁၆)ပါးမြောက် တိပိဋကဆရာတော်က သဒ္ဓမ္မပဇ္ဇောတကဝံသအဖွဲ့ကို ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့သည်။

တိပိဋကပူဇာအတွက် နဝကမ္မအလှူငွေကျပ်သိန်း ၁၀၀ ရရှိကပ်လှူရာ တိပိဋကဆရာတော်က စာချဆရာတော်များအတွက် သဒ္ဓမ္မပဇ္ဇောတကဝံသအဖွဲ့ကို ငွေကျပ်သိန်း(၁၀၀) ပြန်လည်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ပဇ္ဇောတာရုံကျောင်းတိုက်ကြီးအတွင်းမှာ အနှစ်နှာခံ၊ အပင်ပန်းခံပြီးစာချပေးနေတဲ့ ဆရာတော်တွေရှိတယ်။ စာချဘုန်းကြီးဆိုတာ အလွန်ဆင်းရဲပါတယ်။ အရင်က ပိုဆင်းရဲကြတယ်။ အစားအသောက်၊ အနေအထိုင် ဆင်းရဲကြတယ်။ သာသနာအတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တပည့်တွေအပေါ် မွေးထုတ်စာချပေးနေတဲ့ ဆရာတော်တွေကို ထောက်ပံ့ရအောင်ဆိုပြီးတော့ တိုက်သားဟောင်းတွေက သဒ္ဓမ္မပဇ္ဇောတကဝံသအဖွဲ့ဆိုပြီး အဖွဲ့ ဖွဲ့ထားတာရှိတယ်။ ကျောင်းတိုက်ပြင်ပရောက်နေတဲ့ တပည့်ကြီးတွေက ရန်ပုံငွေနဲ့ စုပြီးဖွဲ့ထားတာပါ။ ရန်ပုံငွေများများမရှိပါဘူး။ အဲဒီရန်ပုံငွေအတွက် အခုငွေကျပ် သိန်း ၁၀၀ ကို ပြန်လှူခဲ့ပါတယ်။ လှူတော့ပြည့်စုံလို့လားမေးရင် မပြည့်စုံပါဘူး။ လူတွေအကုန်လုံးက လိုနေကြတယ်။ စာချဆရာတော်တွေဟာ ဘုန်းကြီးထက်ပိုလိုတယ်။ ဒါ့ကြောင့် ဆရာတော်တွေ ပိုပြီးသာသနာပြုနိုင်အောင် လှူတာဖြစ်ပါတယ်။ စာချဆရာတော်တွေ ကျန်းမာရေး၊ မိဘတွေ ကျန်းမာရေးအတွက် ကြည်ညိုလို့ ထောက်ပံ့တာဖြစ်ပါတယ်" ဟု (၁၆)ပါးမြောက် တိပိဋကဆရာတော် ဘဒ္ဒန္တပညာသီရိလင်္ကာရက မိန့်တော်မူသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၏ တိပိဋကဂုဏ်ဝိသိဋ္ဌပူဇာမင်္ဂလာကို စက်တင်ဘာလ ၂ရက် မွန်းလွဲ ၁နာရီက မဟာရွှေရတုကျောင်းတိုက်တွင် ကျင်းပရာ တိပိဋကဆရာတော်က လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၃၉၄)**

---

# (၁၉၃)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်-၈၀၆၊ လမ်း ၆၀နှင့်၂၈(B)လမ်းထောင့်၊ မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၁၉၃)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက မန္တလေးအရှေ့ပြင်ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း ၄၃ ကျောင်းသို့ ကိုဗစ်ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(၁၉၃)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ (ညီမ) ဆရာမကြီး ဒေါ်နုနုရီ(CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင် ၂၆ လမ်း)မိသားစု၊ ဒေါ်မမ( ပတ္တမြားသုခ) မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင်မိသားစု၊ ဖခင်ကြီးဦးကိုးအောင်+မိခင်ကြီးဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ၊ ကိုတင်မောင်သန်း+မချို(မြေစာရင်း)မိသားစု၊ ဒေါ်သန်းကြည်အား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ ဒေါ်ဌေးဌေးအောင်(ဟိန်းဆေးဆိုင်)မိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၁)**



---

# ဦးပွားဆုတောင်းပြည့်ဘုရား သီလကန်တော့ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်ဘုရားကြီး၌ ဘုရားဒါယကာ မီးစက်အလှူရှင် ဦးပွားဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးထွန်းလင်း၊ (ဇနီး)ဒေါ်စန်းစန်းရင် (တရုတ်ကြီးကုန်စုံဆိုင်) မိသားစုတို့က သီလကန်တော့ပွဲကုသိုလ်ရှင်အဖြစ် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ဦးပွားဘုရားအတွင်းရှိ မွေသာလမွှာရုံ၌ သီလကန်တော့ပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ ဘုရားကြီးတိုက်၊ ပတ္တမြားရတနာကျောင်းဆရာတော် ဘဒ္ဒန္တ မနိတာစာရက အလှူရှင်နှင့် ပရိသတ်တို့အား ရှစ်ပါးသီလနှင့် "နတ်လူချစ်ဆေး ရှုတိုင်းမွေး"တရားတော်များကို ချီးမြှင့်တော်မူသည်။ ဆက်လက်၍ အလှူရှင်မိသားစုက ဆရာတော်အား သီလကန်တော့ပွဲနှင့် လှူဖွယ်ဝတ္ထုတို့အား ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်မှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှတမ်းများ ပေးဝေသည်။

အဆိုပါအခမ်းအနားသို့ ဦးပွားဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ယု၊ အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုနှင့် ဥပုသ်သည်များ တက်ရောက်ကြကြောင်း သိရသည်။

**(ဝ၄၆)**

# အလှူတော်မင်္ဂလာပွဲမြင်ကွင်း



မြန်မာလူမျိုးတို့သည် ဖြောင့်စည်သံညံ ဝေစွာဖြင့် အလှူအတန်းများတွင် ပျော်မွေ့တတ်ကြသည်။ ဗုဒ္ဓဘာသာနွယ်ဝင်အပေါင်းတို့သည် တစ်နှစ်တာကာလပတ်လုံး ကုသိုလ်ကောင်းမှုပြုကြကာ ရိုးရာဓလေ့အကအခုန်များနှင့် အိုးစည်ဗုံမောင်းများတီး၍ ပျော်ကြရွှင်ကြအတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြ၊ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီကြနှင့် မြန်မာ့ယဉ်ကျေးမှုဘာသာရေးကို အမြတ်တနိုးတန်ဖိုးထားတတ်ကြသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ဘုရားအိုကျောင်းပျက်များကို ကုသိုလ်ရှင်များက ပြန်လည်ပြုပြင်ဆောက်လုပ်လှူဒါန်းနေကြသောအချိန်အခါဖြစ်၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ကြည်နူးဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ်ဆိုမိကြသည်။

အံ့သြလောက်အောင် အလှူတော်ပွဲကြီး တစ်ခုကို တွေ့မြင်ခဲ့ရသည်။ ထိုအလှူတော်ပွဲကြီးတွင် ရှင်လောင်းလှည့်လာကြရာ၊ ဒေဝါဝင်း၊ ရာဇာဝင်း၊ ပုဂံဝင်း၊ ရတနာပုံဝင်းတို့နှင့်အတူ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်များအပြင် ရှေ့ဆုံးက ဆင်တော်ကြီးသည် ဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်ရပြီး မောင်ရှင်လောင်းများစီးသော ဆင်တော်ရတနာများကိုလည်း ကကြိုးတန်ဆာကမ္ဘလာအခင်း၊ ကတ္တီပါကော်ဇော၊ ပန်းဖွားတို့လှပစွာ တွေ့မြင်ရသည်။ ဆင်တော်များ၏အမည်များမှာ ပြည်တော်ချစ်၊ ဇော်မမ၊ ကြံတိုင်းအောင် အမည်များရှိကြပြီး ဆင်ခြောက်ကောင်နှင့် အလှူလှည့်ပွဲဖြစ်ရာ ကြီးကျယ်စည်ကားလှပေသည်။ ထိုနည်းတူ မြင်းစီးကြသော ရှင်လောင်းများလည်း တွေ့ရသည်။ မြင်းကုန်းနှီးအပြည့်အစုံ၊ ထီးမိုးသူခြံရံလျက်လိုက်ပါလာသော ရှင်လောင်းလေးများကငယ်ရွယ်လွန်းလှသည်။ နားဖောက်သည်များစီးသော လှည်းယဉ်များကိုလည်း ချူသံတချွင်ချွင်နှင့် တွေ့ရသည်။

ညပိုင်းတွင် ဆိုင်းအဖွဲ့ဖျော်ဖြေမှု ပါရှိသဖြင့် သွားရောက်ကြည့်ရှု နားထောင်ဖြစ်သည်။ အလှူတော်ပွဲကြီးတစ်ခုဖြစ်သည့်အတွက် အလှူမင်္ဂလာနှင့် လိုက်ဖက်စေရန် မင်္ဂလာဖြောသီချင်းတီးလုံးများဖြင့် ဧည့်ခံတီးပေးနေသည်။ ခေတ်သစ်ဆိုင်းအဖွဲ့ပင်ဖြစ်သော်လည်း ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာ ရွှာစားကြီးစိန်ဗေဒါ၏ တီးလုံးတီးကွက်များ၊ သီချင်းများကို ဖျော်ဖြေတင်ဆက်တီးမှုတ်ကြသည်မှာ ဝမ်းသာမိရသည်။ ရှေးခေတ်ဆိုင်းပညာရှင်ကြီးများကို ယခုခေတ် ဆိုင်းပညာရှင်များက ရိုသေဂါရဝတရားထား ကျေးဇူးသိတတ်ကြပေသည်ဟုလည်း စိတ်ထဲကချီးကျူးမိခဲ့သည်။ ဖျော်ဖြေမှုတွင် မြန်မာသံစဉ်များကို သီဆိုဧည့်ခံကြသဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံရိုးရာမပျက် ဆက်လက်ထိန်းသိမ်းနေကြပါလားဟု ကျေးဇူးတင်ရပြန်သည်။

အလှူမဏ္ဍပ်ဆောက်လုပ်ထားမှုကို လေ့လာကြည့်ရာတွင်လည်း မဏ္ဍပ်အဝင်တွင် အလှဆင်ပန်းဥယျာဉ်ပါရှိပြီး အတွင်းပိုင်းတွင် ဆိုင်းအဖွဲ့အတွက် နေရာ၊ ဘိသိက်ဆရာအတွက်နေရာစသည်တို့ သတ်မှတ်ပေးထားသည်။ သံဃာတော်များ ရေစက်ချတရားဟောကြားတော်မူနိုင်ရန် သံဃာစင်လည်းပါရှိသဖြင့် ရှေးမူအတိုင်းမဏ္ဍပ်ဆောက်လုပ်ထားလျက်ရှိနေသေးကြောင်း တွေ့ရသည်။

မြန်မာ့အလှူတော်ပွဲများကို လေ့လာကြည့်မိရာ ရိုးရာဓလေ့ယဉ်ကျေးမှုနှင့်အညီ ရှင်လောင်းလှည့်ပွဲပြုလုပ်လေ့ရှိသည်ကို တွေ့မြင်ရသောကြောင့် မိဘတို့သည် မိမိတို့၏ သားလှရတနာများဖြစ်ကြသော မောင်ရှင်လောင်းတို့ကို ဆင်စီးပြီးမြင်းရံစေတတ်သည်၊ သမီးအလှရတနာများကိုလည်း ကဏ္ဍာဝွိုန့အပ်သွားမြဖြင့် မြတ်နားသမင်္ဂလာ



ဆင်ယင်ကြရာဝယ် ရွှေရောင်လှည်းယဉ်၊ ငွေရောင်လှည်းယဉ်များ စီးစေပြီး ကျင်းပကြသည်။

လှည်းယဉ်ဆိုသည်မှာ မြန်မာမှုပန်းပုလက်ရာကနုတ်ပန်းများနှင့် အလှဆင်ထားသော ရှေးမြန်မာတို့၏ ရွှေပိန်းချလှည်းယဉ်ဖြစ်သဖြင့် လှည်းဆောင်ပန်းအိမ်တွင် နဂါးရုပ်တု၊ နယားရုပ်တု၊ ဒေါင်းရုပ်တို့ကို လှပစွာ လက်ရာမြောက်စွာ တွေ့ရသည်။ လှည်းယဉ်ရှေ့ပိုင်းတွင် လှည်းထမ်းပိုးတုံးနှင့်လှည်းလက်တံတို့ကို ပူးတွဲချည်နှောင်ရသည့်နေရာတွင် ကုံးချည်တုတ်ပါရှိရသည်။ ထိုနေရာတွင် လက်ရာမြောက်ပန်းပုရုပ်လေးများဖြစ်သော ငှက်ရုပ်၊ ဒေါင်းရုပ်၊ လူရုပ်၊ နတ်ရုပ်၊ ကိန္နရီရုပ် စသည့် အရုပ်လေးများ တပ်ဆင်ထားသည်။ လှည်းယဉ်နောက်ပိုင်းတွင် လှေကားနှစ်ထစ်၊ သုံးထစ် ပါရှိတတ်သည်။ လှည်းယဉ်ပေါ်တွင် နားဖောက်သည်နှင့် နားရံအမျိုးသမီးတို့ လိုက်ပါရသည်။



ဗုဒ္ဓဘာသာဝင်တို့သည် သံသရာဝဋ်ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်ရာအမှန်ဖြစ်သော မြတ်နိဗ္ဗာန်ကို ရည်သန်သမှုအာရုံပြု၍ သာသနာ့အမွေခံထိုက်စေရန် ရင်နှင့်သည်းချာသားလှရတနာနှင့် တူသားများကို ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာပြုကာ သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်း၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိစေသည်။ သူတစ်ပါး၏သားတို့ကိုလည်း ရှင်ပြုပေးခြင်းအားဖြင့် အမှန်ပင် သာသနာ့ဘောင် အမွေအနှစ်ခံယူသူများ ဖြစ်နိုင်ကြသည်။ ရှေးခေတ်က အချို့သောကျေးရွာများတွင် အလှူဝင်သည့် ညချမ်းအချိန်အခါ ရပ်ဓလေ့ရွာဓလေ့အဖြစ် အမျိုးသားအုပ်စုနှင့် အမျိုးသမီးအုပ်စုတို့ သျှိုးလိုက်ရတုရွတ်ဆိုလေ့ရှိကြောင်း လေ့လာသိရသည်။ မြန်မာ့ယဉ်ကျေးမှု ရှင်ပြုအလှူတော်ပွဲမျိုးသည် ဗုဒ္ဓသာသနာတော်ကြီးအတွက် အလွန်အရေးကြီးပါသည်။

မြန်မာလူမျိုးတို့တွင် မင်္ဂလာ ၁၂ပါးဟူ၍ရှိရာ ထိုအထဲတွင် 'သာသနာ့ နဂ္ဂဟမင်္ဂလာ' ဆိုသည်မှာ သားယောကျ်ားလေးများကို သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ခြင်း ဖြစ်သည်။ သမီးမိန်းကလေးများအတွက်မှာလည်း နားထွင်းမင်္ဂလာဖြစ်သော 'ကဏ္ဏဝိဇ္ဈ' ကို မိဘများက ကြံစည်စိတ်ကူးလုပ်ဆောင်ပေးကြရသည်။ ယနေ့အလှူတော်ပွဲကြီး ပြီးစီးအောင်မြင်ပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။

အောင်ဘိသိက်ပန်းဖြင့် ဘိသိက်သွန်းသည်ကို တစ်စပ်တည်းတွေ့မြင်ရသည်။ ဘိသိက်မြောက်မည့်သူသည် ဇေယျတုသဗ္ဗမင်္ဂလံ အစချီကာ အောင်မြင်ခြင်း အလုံးစုံပြီးစီး၍ မင်္ဂလာအလိုပြည့်ခြင်း၊ ကြီးပွားချမ်းသာခြင်း၊ ပြီးပြည့်စုံခြင်းဟူသော အလှူတော်ပွဲကြီး အောင်မြင်ထမြောက်ပြီဖြစ်ကြောင်း မင်္ဂလာစကားများ ပြောကြားသည်။

မောင်ရှင်လောင်းများနှင့် နားဖောက်သည်များကို လက်အုပ်ချီစေပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပထမဦးစွာ ရှိခိုးကန်တော့စေသည်။ ထို့နောက် အနန္တောအနန္တငါးပါးကို ရိုသေကိုင်းရှိုင်းရမည်ဖြစ်ကြောင်း ဆုံးမပြောကြားပြီးလျှင် အဘိုးအဘွား၊ မိဘဆရာ၊ ဆွေမျိုးအကြီးအကဲတို့ကို ဦးချကန်တော့စေသည်။ ခင်ပွန်းကြီးဆယ်ပါးတို့၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ကြဖို့၊ ကျေးဇူးသိတတ်ကြဖို့ အကျယ်တဝင့်ရှင်းပြသည်။ အလှူဖိတ်စာကို ဖိတ်ကြားပေးရသည်။ အလှူဖိတ်စာဖတ်ကြားရာတွင် အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများနှင့် အမှူးထားပုဂ္ဂိုလ်တို့၏ အမည်နာမများကို နဘေကာရံများနှင့်လည်း ဖတ်ကြားပေးသည့်အခါမျိုး ရှိပေသည်။


ထို့နောက်တွင် အလှူပွဲကြီးဖြစ်သောကြောင့် အလှူဒါနအကြောင်း အမွှန်းတင်ပြောကြားပေးသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် ၃၈ဖြာမင်္ဂလာတရားတော်များကိုလည်း လူငယ်များအတွက် ဗဟုသုတအသိအလိမ္မာရကြအောင် ပြောကြားပေးရသည်။ ဆိုင်းတော်မင်္ဂလာနှင့် ဘိသိက်ဆရာတို့ အပေးအယူအချိတ်အဆက်မျှတစွာဖြင့် ဘိသိက်ခန်းကို သမားစဉ်အတိုင်းဆောင်ရွက်ရသည်။

ဘိသိက်သွန်းရာတွင် ခရုသင်းကိုမှုတ်ပြီးနောက် သပြေခက်လေးဖြင့် ငွေဖလားထဲမှ ရေချမ်းကို ဆွတ်ဖျန်းပေးသည်။ ထိုအချိန်တွင် ဆိုင်းအဖွဲ့က စိန်ဗေဒါ၏မင်္ဂလာဖြောညွှန့်တီးလုံးကို တီးလိုက်ရာ ဘိသိက်ဆရာသည် (မြို့လယ်က မဏ္ဍပ် ··အရပ်မှာတဲ့ကုသိုလ်) အစချီသော သီချင်းကို သီဆိုရင်း အပြောလေးများနှင့် အဆိုအဟဲကလည်း ကောင်းသောကြောင့် အားလုံးသောပရိတ်သတ်တို့ ဝမ်းနည်းဝမ်းသာဖြစ်ကြရသည်။ (စာပလွေရင်မှာ ပိုက်ပါလို့…စာပလွေမောင်မှာပိုက်ပါလို့… ကျောင်းတော်ကိုတဲ့ လိုက်မယ့်ပြင် ဘယ်စာကို ဘယ်နှစ်ဝါမောင် သင်မလို့တုံး…ပြော··ပြော··ပြော လှည့်ပါဦး)။

အလှူ့ဒကာ၊ အလှူ့အမတို့နှင့် အဘိုး၊ အဘွားတို့သည် သားလှရတနာများကို ရှင်သာမဏေဘဝအဖြစ် မြင်တွေ့ကြရတော့မည်ဖြစ်၍ စိတ်တွင် ကြည်နူးစွာခံစားရပြီး အတီးကလည်းကောင်း၊ အဆိုကလည်းကောင်းသောကြောင့် အလှူရှင်များနှင့် ဆွေမျိုးသားချင်း မိတ်သင်္ဂဟအပေါင်းတို့ မျက်ရည်စလေးများကို ပဝါစလေးများဖြင့် သုတ်နေကြရှာသည်။ ရေစက်သွန်းချအမျှဝေပြီး ကြည်နူးစွာ သာဓုအနုမောဒနာ ခေါ်ဆိုပြီးချိန်တွင် ဖြောင်မြိုင်မြိုင်ကြားရသောအခါ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ မျက်နှာများတွင် ပီတိဖြာပြီး အပြုံးပန်းများ ကိုယ်စီနှင့် နှလုံးစိတ်ဝမ်းအေးချမ်းမှု ဖြစ်နေကြသည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

**မင်းချမ်းသာ (ခတ္တာန်း)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Shah Rukh Khan က Locarno Film Festival အတွက် ဆွစ်ဇာလန်ရောက်ရှိ

ဘောလိဝုဒ်အနုပညာဘုရင်ကြီးဟု သတ်မှတ်ခံရသည့် ရှာရွတ်ခန်သည် Locarno Film Festival ပွဲတက်ရန်အတွက် ဆွစ်ဇာလန်သို့ရောက်ရှိနေသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါပွဲတော်မှ ပေးအပ်သည့်ဆုကို လက်ခံရန်အတွက် ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိလာသော ရှာရွတ်ခန်ကို ပရိသတ်များက ဝမ်းသာအားရကြိုဆိုခဲ့ကြသည်။

ရှာရွတ်ခန်ကို တည်ငြိမ်ခံ့ညားမှုအပြည့်နှင့် မြင်တွေ့ကြရပြီး ဖက်ရှင်ဒီဇိုင်းကြောင့် လူငယ်တစ်ဦးကဲ့သို့ မြင်တွေ့ရကာ၊ နောက်ဆုံးပေါ်တန်ဖိုးကြီးကားနှင့် အိန္ဒိယနိုင်ငံတော်၏ အနုပညာထူးချွန်ဆုကို ပထမဆုံးလက်ခံရယူမည့်သူအဖြစ် ကြေညာထားသည်။ **SKY**



## ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်အထိ အာဟာရပြည့်မီစွာ စားသုံးရန်လိုအပ်နေ

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်အထိ အာဟာရပြည့်မီစွာ စားသုံးရန်လိုအပ်နေဆဲဖြစ်သည်ဟု ဩဂုတ်၂၉ရက်ထုတ် လန်းဆက်ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးဂျာနယ်တွင် ဖော်ပြသည်။

လူတို့အနေဖြင့် အစားအစာကို အများနည်းတူစားသုံးကြသော်လည်း ထိုအစားအစာများထဲတွင် အဏုအာဟာရဟုသတ်မှတ်သော ကယ်လ်ဆီယံ၊ အိုင်အိုဒင်း၊ သံဓာတ်၊ သွပ်ဓာတ်၊ မဂ္ဂနီစီယမ်၊ ဆေလေနီယမ်၊သိုင်ယာမင်၊ ဖိုလိတ်၊ ရီဘိုဖလေဗင်၊ ဗီတာမင်အေ၊ စီနှင့်အီးစသည်တို့ကို လုံလောက်စွာ ပါဝင်ခြင်းမရှိရာမှ အာဟာရချို့တဲ့ရခြင်းဖြစ်ကြောင်း သုတေသီများက အဆိုပါဆေးသိပ္ပံဂျာနယ်တွင် ပါမောက္ခရစ္စဖရီး ဦးဆောင်သော သုတေသီများက စာတမ်းရေးသားပြီးတင်ပြထားခြင်းဖြစ်သည်။

ယင်းသုတေသီများအနေဖြင့် ကမ္ဘာ့ဘဏ်၊ ကမ္ဘာလုံးဆိုင်ရာ အစားအစာအချက်အလက်စစ်တမ်းပါ ၁၅၈နိုင်ငံ၏ စားသောက်ပုံများကို ဆန်းစစ်ပြီး လေ့လာတင်ပြခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **SCI**

## Willion Chen နှင့် Zhao Lusi တို့ ဇာတ်ကား Qixi Festival တွင် ကြေညာထား




တရုတ်ချစ်သူများနေ့ Qixi Festival တွင် ထုတ်လုပ်ရေးပလက်ဖောင်းမှ ဇာတ်လမ်းတွဲများစွာနှင့် ရိုက်ကူးရေးပုံရိပ်ဗီဒီယိုများ၊ Douyin ဗီဒီယိုများ မျှဝေပေးထားရာ ဝီလျံချန်နှင့် ကျန်းလူဆီတို့၏ ပုံရိပ်မှာ ပရိသတ်စိတ်ဝင်စားမှုရရှိခဲ့သည်။

တရုတ်ဘရိတ်ဒန့်စ် အကပညာရှင်ဝီလျံချန်နှင့် ကျန်းလူဆီတို့မှာ ပရိသတ်စိတ်ဝင်စားမှုမြင့်မားသောအနုပညာရှင်နှစ်ဦးဖြစ်ပြီး လက်ရှိဆွဲဆောင်အားပြင်းသည့် အနုပညာရှင်စာရင်းဝင်များလည်း ဖြစ်ကြသည်။

ဝီလျံချန်မှာ အကစင်ပေါ်တွင် ပရိသတ်အာရုံကိုဆွဲဆောင်နိုင်ခဲ့သူဖြစ်ပြီး ကျန်းလူဆီမှာလည်း အနုပညာသရုပ်ဆောင်ဘုရင်မတစ်ဦးအဖြစ် တင်စားခံခဲ့ရကာ သူတို့နှစ်ဦးပါဝင်ရိုက်ကူးထားသည့် Love's Ambition ဇာတ်လမ်းတွဲမှာ ရိုက်ကူးရေး နှစ်လအတွင်း ကျော်ကြားမှုမြင့်မားနေပြီး Qixi Festival တွင် ကြေညာထားခြင်းဖြစ်သည်။ **SKY**

## Jung Kook ၏ Seven တစ်နှစ်အတွင်း စံချိန်များစွာရ



ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ဂုခ၏ Seven သီချင်းမှာတစ်ရက်သားမှစ၍ တစ်နှစ်အတွင်းကမ္ဘာ့အကြီးဆုံးဂီတပလက်ဖောင်း ဖြစ်သည့် Spotify တွင် သမိုင်းတွင်မည့်စံချိန်ကို မှတ်တမ်းတင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါတစ်ကိုယ်တော်သီချင်းနှင့် ကမ္ဘာ့အကြီးဆုံးဂီတ ပလက်ဖောင်းတွင် နံပါတ်တစ်၊ ကေပေါ့ပ်တစ်ကိုယ်တော် အဆိုစာရင်းတွင် နံပါတ်တစ်၊ Spotify သမိုင်းတွင် ပထမတစ်နှစ်တာအတွက် Stream အများဆုံးနှင့် Asian Act သီချင်းများတွင် နံပါတ်တစ် တစ်နှစ်တာအတွက် အောင်မြင်မှုအများဆုံး ရရှိခဲ့သည့် ပွဲဦးထွက်သီချင်း ဖြစ်ခဲ့သည်။

၂၀၂၃ခုနှစ် ထွက်ရှိထားသည့် မိုင်လေဆိုင်းရပ်စ်၏ Flowers ကိုကျော်၍ နံပါတ်တစ် Spotify Global Chart သမိုင်းတွင် ခြောက်ပုဒ်မြောက်ရပ်တည်ခဲ့သည့် Seven သည် တစ်နှစ်ပြည့်ချိန်တွင် စံချိန်များစွာချိုးခဲ့ပြီး၊ ခြေတစ်လှမ်းမှမချခဲ့ဘဲ ဂျပန်နိုင်ငံတွင်လည်း သမိုင်းစံချိန်သစ်ရေးထိုးထားသည့် ပထမဦးဆုံးနှင့် တစ်ပုဒ်တည်းသော ကေပေါ့ပ်အနုပညာရှင် ဖြစ်ခဲ့ကာ နံပါတ်တစ်နေရာတွင် အကြာဆုံးရပ်တည်ခဲ့ပြီး ဂျပန်အကျော်ကြားဆုံးသီချင်းတစ်ရာတွင် တစ်နှစ်တိတိ နံပါတ်တစ်နေရာ စသည့် စံချိန်များစွာနှင့် ကမ္ဘာ့ပရိသတ်အားပေးမှု မြင့်မားသော သီချင်းဖြစ်ခဲ့သည်။ **SKY**

## Yang Chaoywe ကို အနုပညာကြယ်တစ်ပွင့်အဖြစ် တွေ့ရ



တရုတ်အနုပညာရှင် ယောင်ချောင်ယွဲ့သည် ခက်ခဲသောဘဝကိုဖြတ်သန်းခဲ့သူဖြစ်ပြီး လက်ရှိအဆို၊ အက၊ သရုပ်ဆောင်ဘဝနှင့် အနုပညာလောကတွင် တောက်ပသော ကြယ်တစ်ပွင့်အဖြစ် မြင်တွေ့ကြရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယောင်ချောင်ယွဲ့သည် ငယ်စဉ်ကပင် မိသားစုပြိုကွဲခဲ့၍ အလုပ်မျိုးစုံနှင့် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ခဲ့သူဖြစ်ကာ အနုပညာရှင် ဇာခုနှစ်ဖွားမင်းသမီးများတွင် ရလဒ်ကောင်းမြင့်မားစွာနှင့် သရုပ်ဆောင်စွမ်းရည်တိုးတက်မှုအပေါ် ချီးကျူးခံခဲ့ရသည်။

ယောင်ချောင်ယွဲ့၏ အဆို၊ အကစွမ်းရည်ကို ဝေဖန်မှုရှိခဲ့ပြီး သရုပ်ဆောင်စွမ်းရည်အပေါ်လည်း ဝေဖန်မှုများရှိခဲ့သော်လည်း ဇာတ်ကားများ၏ ရလဒ်က သူ၏လုပ်နိုင်စွမ်းကို ချပြနိုင်ခဲ့သည်။

၂၀၁၉ခုနှစ်မှစ၍ ၂၀၂၄ခုနှစ်ထိ အဓိကရောဇာတ်ပို့နှင့်ပါဇာတ်လမ်းတွဲ (၁၁)ခုရှိပြီး ထွက်ရှိသမျှ ဇာတ်ကားတိုင်း စိတ်ဝင်စားမှုမြင့်ခဲ့ကာ တောက်ပသောကြယ်တစ်ပွင့်အဖြစ် မြင်တွေ့ကြရသည်။ **SKY**

## Jin @ KimSeok Jin ၏ ဂီတအယ်လ်ဘမ်သစ် ပြင်ဆင်နေ



ဘီတီအက်စ်မှ ဂျင်(ခေါ်) ကင်ဆွတ်ဂျင်၏ ဂီတအယ်လ်ဘမ်သစ်(တစ်ကိုယ်တော်သီဆိုထားသည်) ထွက်ရှိလာရန် ပြင်ဆင်နေပြီ ဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်သည် ၂၀၂၄ခုနှစ် ပဲရစ်အိုလံပစ်ပွဲတွင် မီးရှူးတိုင်လွှင့်တင်ခြင်း၌ ပါဝင်ခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်း ပရိသတ်အားပေးမှုရရှိကာ ယူကျူ့နှင့် ဂူဂဲလ်တွင် ရှာဖွေမှုများအမြင့်ဆုံးရောက်ရှိခဲ့ကာ လက်ရှိ တစ်ကိုယ်တော်ဂီတအတွက် ပြင်ဆင်နေသည်။

အဆိုပါဂီတအယ်လ်ဘမ်အတွက် ဂျင်နှင့် A@R team တို့က သီချင်းကောင်းများရွေးချယ်ထားကာ ၇၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး ယခုနှစ်ဝက်ကျော်တွင် ထွက်ရှိမည်ဖြစ်သည်။

ဂျင်၏ လှုပ်ရှားဆောင်ရွက်မှုများ အဆက်မပြတ်အားပေးခံရပြီး HYBE သည် စတော့ခ်ဈေးနှုန်းများမြင့်တက်လာကာ ဂျင်၏ သင်တန်းဆင်းခြင်းနှင့် BTS 2024 Festa ကို ဂုဏ်ပြုသည့် အနေနှင့် Weverse ကို လစဉ်ကြည့်ရှုသူ ဆယ်သန်းကျော် ရှိခဲ့သည်။ **SKY**

## Park Eunbin နှင့် The Wonder Fools တွင် ပါဝင်ရန် Cha Eun Woo ကို ကမ်းလှမ်းထား



မင်းသမီးပတ်အွန်ဘင်းနှင့်အတူ The Wonder Fools ဒရမ်မာတွင် အဓိကနေရာမှပါဝင်၍ ချာအန်ဝူးကို ကမ်းလှမ်းထားရန် စဉ်းစားနေသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဒရမ်မာတွင် စူပါဟီးရိုးဇာတ်ကောင်နေရာတွင် သရုပ်ဆောင်ချင်သည်ဟု ပြောဖူးသော ချာအန်ဝူးကို ကမ်းလှမ်းထား၍ လက်ခံလိမ့်မည်ဟု ယုံကြည်ထားကြသည်။

မင်းသမီးပန်အွန်ဘင်းနှင့်အတူ လျှို့ဝှက်ဆန်းကြယ်သောဇာတ်လမ်းကို စူပါဟီးရိုးနေရာမှ ဖန်တီးရမည်ဖြစ်၍ ပရိသတ်များစိတ်ဝင်စားနေကြသည်။ ဒါရိုက်တာမှာ နာမည်ကြီး ဇာတ်ကားများဖြစ်သည့် Extraordinary Attorney Woo နှင့် Dr Roma-tic တို့ကို ရိုက်ကူးထားသော ဒါရိုက်တာဖြစ်သည်။ **SKY**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၉၃)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်သီတာစိုး အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ်-၃၈၉/၂၀၀၈ အရ အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၁၅/၂၀၁၃ အရ လက်ရောက်ရရှိခဲ့၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမအထွေထွေအယူခံမှုအမှတ်-၃၈/၂၀၁၄ အရ မိမိက အမည်ပေါက်ပိုင်ဆိုင်ခဲ့၍ လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိပြီး ယင်းပစ္စည်းအရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သီတာစိုး(အဘ)ဦးတက်တိုး(၉/မရတ(နိုင်)၁၂၈၀၅၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမှုရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–** **ဦးဇော်မင်းလေး** (LL.B) **ဒေါ်အိအိဖွေး** (LL.B) **ဦးစင်မင်းထိုက်** (LL.B) **ဒေါ်ဆုမြတ်အောင်** (LL.B) **ဒေါ်နီနီမြင့်** (LL.B) **ဒေါ်ဆွေမြတ်စင်ဝင်း** (LL.B)

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၈၈၈၉၇၈၆၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၂၅၆၀၂၈၄၉၁၊ ၀၉-၄၀၂၆၃၉၇၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၈)၊ ဦးပိုင်နံပါတ်(၅၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ခင်မမ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမိုးလွင်ဦး(ဘ)ဦးညွန့်မောင်(၉/မရမ(နိုင်)၀၇၃၃၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး** (LL.B, LL.M) **ဒေါ်အိအိမွန်** (LL.B, LL.M)
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်** (LL.M) **ဒေါ်အေးနန္ဒာထွန်း** (LL.B) **ဒေါ်မာလာစိုး** (LL.B) **ဒေါ်ဖူးသန့်မွန်** (LL.B)
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၁၀၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်လှသိန်း၊ ဦးထွန်းဦးနှင့် ဦးထွေးကို အမည်များဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်၏ အလယ်ခြမ်း (၁၀×၄၀)ပေနှင့် အရှေ့ဘက်ခြမ်း (၁၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးမြင့်လွင်(ဘ) ဦးမောင်မောင်(၉/ခမစ(နိုင်)၀၁၅၅၈၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေဇော်ဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ဖဖ-၃/၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁၀)၊ ဦးပိုင်နံပါတ်(၆၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးပေါက် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးထွန်းငြိမ်း(ခ)ဦးမောင်မောင်ငြိမ်း(ဘ)ဦးသူတော်(၁၂/မရက(နိုင်) ၀၁၀၇၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး** (LL.B, LL.M) **ဒေါ်အိအိမွန်** (LL.B, LL.M)
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်** (LL.M) **ဒေါ်အေးနန္ဒာထွန်း** (LL.B) **ဒေါ်မာလာစိုး** (LL.B) **ဒေါ်ဖူးသန့်မွန်** (LL.B)
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ်(၈၂-ဃ+၈၄-ခ)၊ ဧရိယာ (၀ ဒသမ ၁၂)ဧက အကျယ်အဝန်းရှိ ဒေါ်ထားရင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်၊ မီးမီတာ၊ အဝီစိတွင်း၊ ဝင်းခြံကာရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းဝင်း(ဘ)ဦးပြည့်(၉/မရတ(နိုင်)၀၆၁၂၉၆)နှင့် ဒေါ်အေးအေးစိုး(ဘ)ဦးကျင်(၉/မရတ(နိုင်)၀၆၁၂၉၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးကျော်ကျော်သိန်း (LL.B)(DL.101 IP LAW)**
**တရားလွှတ်တော်ရှေ့နေ**
**(ဃ၃/၅၈)၊ ၆၃အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၅၁၁၄၇၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်နံပါတ်(၅၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးသန်းထွန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီနီခင်(ဘ)ဦးစိန်ဝင်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး** (LL.B, LL.M) **ဒေါ်အိအိမွန်** (LL.B, LL.M)
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်** (LL.M) **ဒေါ်အေးနန္ဒာထွန်း** (LL.B) **ဒေါ်မာလာစိုး** (LL.B) **ဒေါ်ဖူးသန့်မွန်** (LL.B)
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၂)၊ ဦးပိုင်အမှတ်(၁၄/၁၃) မြေဧရိယာ အရှေ့-အနောက်(မျက်နှာပွင့်)(၁၀)ပေ၊ တောင်-မြောက်(အရှည်)(၄၃)ပေ (လက်ရှိ မြေပြင်အရှိအတိုင်း)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် ထရံကာ သွပ်မိုး အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသော(ရေမီတာ+လျှပ်စစ်မီးမီတာ) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်စန်းရီ(ဘ)ဦးတင်အောင်(၉/မနတ(နိုင်)၀၉၃၈၇၂)မှ ကျွန်ုပ်မိတ်ဆွေများထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ပြောဆိုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီထားပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အစိတ်အပိုင်းနှင့် အဆောက်အအုံရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန်းထွန်းနောင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အကွက်(၅၀၃)၊ ၈၂လမ်းနှင့်၈၄လမ်းကြား၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၇၇၇၉၈၁၈၀၀**

## မိဘအမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ **Noble** ကိုယ်ပိုင်အထက်တန်းကျောင်း **GRADE(3)** မှ **မမေသွန်းအိမ်ခေတ်**နှင့် **GRADE(1)** မှ **မမေမြတ်သွန်းချို** တို့၏ မိဘအမည်မှန်မှာ မွေးဖွားစာရင်းအရ ဦးတင်မျိုးနိုင်နှင့် ဒေါ်အေးအေး ဖြစ်ပါကြောင်း။

**ဦးတင်မျိုးနိုင်(၁/မကန(နိုင်)၀၀၅၀၉၂)**
**ဒေါ်အေးအေး(၅/ဟမလ(နိုင်)၀၅၁၈၂၇)**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(သ-၁၂)၊ ဦးပိုင်အမှတ်(၁၀၉)၊ ၆၁လမ်းနှင့်၆၂လမ်းကြား၊ သာယာဝတီလမ်းနှင့်ပျူစောထီးလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၅၄၅၈/၉၀-၉၁)အရ ဒေါ်ထားရင် မှတ်ပုံတင်အမှတ် BF-၀၁၄၈၄၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်နန်းမိုးနိုင် မှတ်ပုံတင်အမှတ်- ၉/မနတ(နိုင်)၀၀၈၁၅၂ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ အမရပူရမြို့နယ်၊ မုန့်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၁-က)၊ ရွှေကွန်ချာလမ်းပေါ်၊ သပြေလမ်းနှင့် ၈၄လမ်းကြားရှိ ဦးကြည် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၄၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ချိုချိုအေး၊ ဒေါ်စန်းစန်းအေး၊ ဦးလှထွန်း၊ ဦးလှမျိုးတို့ (၄)ဦးအနက် ဒေါ်ချိုချိုအေး(၉/အမရ(နိုင်)၀၁၁၈၁၈)၊ ဒေါ်စန်းစန်းအေး(၉/အမရ(နိုင်)၀၁၁၈၁၉)၊ ဦးလှမျိုး(၉/အမရ(နိုင်)၀၈၈၆၃၇)တို့ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၆၅/၂၀၂၄)ဖြင့် ပိုင်ဆိုင်သူ ဦးလှထွန်း(၉/အမရ(နိုင်)၀၁၁၈၁၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားကယားပြည်နယ် အစိုးရအဖွဲ့ရုံး၌တွေ့ဆုံ၍ ဒေသ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ များ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီ ဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ပိုးရယ် အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြ သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက် ကြသည်။

**ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ လွိုင်ကော်မြို့အတွင်း ယာယီ နေရပ်စွန့်ခွာ ပြည်သူများ ပြန်လည် ဝင်ရောက်နေထိုင် လျက်ရှိမှု၊ လူနေရပ်ကွက်များ အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်း များဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများဆောင်ရွက် လျက်ရှိမှု၊ နှစ်ရှည်ပင်များ စိုက်ပျိုး ထားရှိမှု၊ ဒေသတွင်း ဆန်နှင့်ဆီ ဖူလုံမှု၊ သီးနှံစိုက်ပျိုးမှုများ အထွက် နှုန်းတိုးတက်ရေး ဆောင်ရွက်လျက် ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံ ငွေများ ထုတ်ချေးပေးထားမှု၊ လွိုင်ကော်စက်မှုဇုန် ပြန်လည် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများနှင့် အစေ့ချကိရိ ယာများက သက်သာသောဈေးနှုန်း များဖြင့် ရောင်းချပေးလျက်ရှိမှု၊ ဒေသအတွင်း ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ပြည်သူများ ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေး နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့ရှိ အခြေခံပညာ ကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ် နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်း များ ဆောင်ရွက်လျက်ရှိမှု၊ ဌာန ဆိုင်ရာ အဆောက်အအုံများ အား ဦးစားပေးအလိုက် ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက် သုံးရေ လုံလောက်စွာရရှိရေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် စားသောက် ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်စဉ်။

စီမံ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အား လိုင်းများ ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိမှု၊ လွိုင်ကော်လေဆိပ် ပြန်လည် ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ခရီးသည် ယာဉ်လိုင်းများနှင့် ကုန်တင်ယာဉ် များ ပြန်လည်ပြေးဆွဲလျက်ရှိမှု၊ ဆက်သွယ်ရေး တာဝါတိုင်နှင့် မိုဘိုင်းဆက်သွယ်ရေး စခန်းများ ပြန်လည် ပြင်ဆင်ရေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိမှု၊ ယာယီ နေရပ်စွန့်ခွာ ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ထောက်ပံ့ပေးမှု၊ လုံခြုံရေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိမှု၊ သီရိမင်္ဂလာဈေးအသစ် ပြန်လည် တည်ဆောက်နိုင်ရေး ဆောင်ရွက် လျက်ရှိမှု၊ လွိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် အားကစား နှင့်ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေး လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သမားများ၏ အကြမ်း ဖက် တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ ဆေးရုံကြီးရှိ ပျက်စီးခဲ့သည့် ကုသ ရေးအထောက်အကူပြု စက်ပစ္စည်း များ ပြန်လည်ဖြည့်ဆည်းဆောင် ရွက်ပေးမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

**ဒေသတွင် နေထိုင်သူများက ဒေသ၏အကျိုးစီးပွားကို ထိခိုက် ပျက်စီးအောင် လုပ်ဆောင်ခြင်း သည် အလွန်ဆိုးရွားသည့် လုပ်ရပ်ဖြစ်**

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာ စကားပြောကြားရာတွင် မကြာမီ ကာလက လွိုင်ကော်ဒေသအတွင်း KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်း ဖက် တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့ အပါအဝင် မြို့ရွာ များ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ကယားပြည်နယ်အတွင်း နေထိုင် သည့် လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများက တိုက်ခိုက် သည့်လုပ်ရပ်ဖြစ်သဖြင့် ဆိုးရွား သည့် လုပ်ရပ်များပင်ဖြစ်ကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ် အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများ ကပင် လုပ်ဆောင်ကြခြင်းဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်မကျစေရန်နှင့် တည်ငြိမ် အေးချမ်းမှု **စာမျက်နှာ ၆ သို့** ○

## ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ပွဲစဉ်များအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် Myanmar National League 2024-2025 ဒုတိယ အကျော့ ပွဲစဉ်များအတွက် အကြို ညှိနှိုင်းအစည်းအဝေးကို ယနေ့ နေ့လယ်ပိုင်းက သုဝဏ္ဏဘောလုံး ကွင်းအစည်းအဝေးခန်းမ၌



ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်း အောင်၊ မြန်မာနေရှင်နယ်လိဂ်အမှု ဆောင် အရာရှိချုပ် ဦးစိုးမိုးကျော် နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန် ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ကလပ်အသင်း(၁၂)သင်း မှ အသင်းစီအီးအိုများ၊ အသင်း အထွေထွေမန်နေဂျာများ၊ အသင်း နည်းပြချုပ်များနှင့် တာဝန်ရှိသူ များ တက်ရောက်ခဲ့သည်။

**စာမျက်နှာ ၁၀ သို့** ➤